www.burmeseclassic.com

ဝိုး ဝိုး ၀၁ ၄ ၂

BURMESE CLASSIC .com

# မင်္ဂလာဦးညဆိုသည်မှာ...

မြင့်ဖြိုးဒိုင်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၆၀၀၇၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၂၄၀၈၁၀
အဖုံးဒီဇိုင်း - ကိုဆန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ။
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၆၀၀ ကျပ်

၈၉၅ . ၈၃
ပြည့်ပိုင်မှူးအိမ်
မင်္ဂလာဦးညဆိုသည်မှာ/ပြည့်ပိုင်မှူးအိမ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၁၄၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) မင်္ဂလာဦးညဆိုသည်မှာ


BURMESE CLASSIC .com



မင်္ဂလာဦးညနှင့် ပတ်သက်သော ဇာတ်လမ်းဇာတ်ကွက်များသည် (ကျွန်တော်တို့နိုင်ငံတွင်သာမက နိုင်ငံတကာတွင်ပါ) များစွာ ရှိခဲ့ပြီးဖြစ်သည်။

ကျွန်တော်၏ 'မင်္ဂလာဦးညဆိုသည်မှာ'ကို အခြားသော မင်္ဂလာဦးညများနှင့် မတူသော ရသများပေးနိုင်ရန် ကြိုးစားထားပါကြောင်း. . .။

ပရိသတ်ကြီးအား ကျေးဇူးတင်စွာဖြင့်
ပြည့်ပိုင်မှူးအိမ်

xxxx

စိုး : မိုး : စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



“မင်္ဂလာဦးညဆိုသည်မှာ အဘယ်နည်း”ဟု ကျွန်တော့်အား မေးလာခဲ့သည်ရှိသော် ‘မင်္ဂလာဦးညဆိုသည်မှာ’ဟု အစချီကာ ဖြေရန် အဖြေတို့က ကျွန်တော့်ထံတွင် ရင်နှင့်မဆံ့အောင် များစွာ ရှိလေသည်။

ငင်းအဖြေမှာကား. . .

××××





# မင်္ဂလာဦးည ဆို သ ည် မှ ာ

www.burmeseclassic.com



၁

မိဘများ၏ လက်ဖွဲ့ငွေနှင့်
ကျွန်တော်တို့နှစ်ယောက်
ခြစ်ချုပ်ကာ စုထားခဲ့သော
ငွေလေးဖြင့် သင့်တင့်သော
မင်္ဂလာဆောင်တစ်ခုကို
ပြုလုပ်ရန်

ကျွန်တော်၏ မင်္ဂလာဦးညသည် ရွှေးယခင်က ဘုတ် (Book) အုပ်များ၊ ဓာတ်ရှင်များ၊ ပြဇာတ်များထဲက ဇာတ်လမ်း၊ ဇာတ်ကွက်များကဲ့သို့မဟုတ်၊ တစ်မူထူးခြားကာနေသည်ကတော့ အမှန်ပဲဖြစ်သည်။

ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့၏ နှစ်ဖက်သောမိဘများသည် ဘုတ်အုပ်များထဲက မင်းသားနှင့်မင်းသမီး မိဘများကဲ့သို့ မကြွယ်ဝ။ ဓာတ်ရှင်များထဲက မင်းသားမင်းသမီး မိဘများကဲ့သို့လည်း မချမ်းသာ။ ကိုရီးယားဇာတ်ကားများထဲကလို ရုတ်တရက်ကြီး ကောက်ကာငင်ကာ ပေါ်လာသော ကုမ္ပဏီပိုင်ရှင်၊ စိန်တွင်းပိုင်ရှင် စသည်ဖြင့် ပိုးစိုးပက်စက်ကြီး ချမ်းသာသော အဘိုးအဘွားများကလည်းမရှိ။





ကျွန်တော်တို့လင်မယားနှစ်ယောက်သည်လည်း ဓာတ်ရှင်များထဲက မင်းသားမင်းသမီးများကဲ့သို့ အစပိုင်းမှာ ဆင်းရဲ၍ နောက်ပိုင်း၌ နတ်ရေကန်တွင်း သက်ဆင်းလိုက်သည့်နှယ် ချမ်းသာသော ထက်မြက်သော သူများလည်းမဟုတ်ကြ။ သို့ဖြစ်ရာ နှစ်ဖက်သော မိဘများ၏ လက်ဖွဲ့ငွေနှင့် ကျွန်တော်တို့နှစ်ယောက် ခြစ်ချုပ်ကာ စုထားခဲ့သော ငွေလေးဖြင့် သင့်တင့်သော မင်္ဂလာဆောင်တစ်ခုကို ပြုလုပ်ရန် ငွေကိုဖယ်ကာ ရှိငွေဖြင့် ကန်ထရိုက်တိုက်တစ်လုံးမှ ခုနစ်လွှာတွင်ရှိသော အခန်းကျဉ်းတစ်ခန်းကို ဝယ်ဖြစ်ခဲ့သည်။

ဘတ်လချာနိုက်. . . အဲလေ ဘတ်ချလာနိုက်ကိုလည်း သာမန်စားသောက်ဆိုင်တစ်ခုတွင် သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါး ကျင်းပပြီး ကိုယ်ပိုင်ကားမရှိသော ကျွန်တော်တို့လင်မယားနှစ်ယောက် သိပ်စီးလေ့စီးထမရှိသော Taxi ကို နှမြောတသ သုံးကြိမ်သုံးခါရွတ်ဆိုကားငှားပြီး မင်္ဂလာဦးညထူးကို ပျော်မြူးရန်အလို့ငှာ ပြန်လာခဲ့ချေသည်တမုံ့။

××××



www.burmeseclassic.com

www.burmeseclassic.com



# ၁

'ဦးလေး'ဟု
ဖွဲ့ဩဝမ်းသာခေါ်လိုက်သလို
အခန်းရှေ့မှာ
ဆောင့်ကြောင့်ကြီးထိုင်နေရာမှ
ထရပ်တာ ဦးလေး ဖြစ်သူတလည်း
'အေး'ဟု ဝမ်းသာစွာပင်

ကျွန်တော်တို့လင်မယား၏ တိုက်ခန်းကျဉ်းသည် သာမန်ကန်ထရိုက်တိုက်ခန်းမျှသာဖြစ်သည်။

သို့ဖြစ်ရာ ဓာတ်လှေကားမရှိ။ ဘုံခုနစ်ဆင့် ခုနစ်ထပ်တိုက်၏ အပေါ်ဆုံး ခုနစ်လွှာတွင်ရှိသော မိမိတို့၏တိုက်ခန်းကို မော့ကြည့်လိုက်ရင်း နှစ်ယောက်သား တစ်ယောက်လက်ကို တစ်ယောက် ခပ်တင်းတင်း ဆုပ်ကိုင်ဖြစ်ကြသည်။

ကျွန်တော့်တွင် ကိုရီးယားဇာတ်ကားများထဲမှ မင်းသားများကဲ့သို့ မင်းသမီးကို ကျောပိုးကာသွားဖို့ စိတ်ကူးမရှိ။ ထို့ကြောင့် ကျွန်တော်သည်လည်းကောင်း၊ ကျွန်တော်၏ ချစ်ဇနီးအသစ်စက်စက်ကလေးသည်လည်းကောင်း ကိုယ့်အားကိုယ်ကိုးကာ ခုနစ်ထပ်မြောက် ခုနစ်လွှာရှိ ကျွန်တော်တို့၏ တိုက်ခန်းဂေဟာလေးဆီ ခပ်သွက်သွက်တက်ခဲ့ဖြစ်သည်။



တစ်လွှာကိုတက်ပြီးတိုင်း တက်ပြီးတိုင်း တစ်ယောက်မျက်နှာကို တစ်ယောက် ချစ်ရည်ရွှန်းလဲ့စွာ ကြည့်ရင်း တစ်ယောက်လက်ကို တစ်ယောက် ပိုမိုတင်းကြပ်စွာ ဆုပ်ကိုင်အားပေးဖြစ်ရင်းတနောက်ဆုံးမှာ ခြောက်လွှာသို့ ရောက်လာသည်။ ရှေ့တွင်ရှိနေသော လှေကားကို တက်ပြီးသည်နှင့် ကျွန်တော်တို့၏ ဂေဟာကို ရောက်ပြီဖြစ်သည်။

ခြောက်ထပ်တိတိကို တက်ခဲ့ရသည်မို့ မောမောနှင့် အသက်ရှူပြင်းနေသော ဇနီးအသစ်စက်စက်တို့ ကြင်နာစွာကြည့်ရင်း ရင်ခွင်မှာ လျှောင်လှိုင်းတို့ တဝုန်းဝုန်းဖြတ်တာသွားသည်။ ဘာပြောပြော ဤညသည်ကား မင်္ဂလာဦးညဖြစ်သည်ကိုး။

တွဲလက်စလက်ကိုဖြုတ်ရင်း သူမ၏ပခုံးကို ရင်ခုန်ခြင်းများစွာဖြင့် ခပ်တင်းတင်းဖက်ရင်း နောက်ဆုံးလှေကားထစ်တို့ကို စရှနင်းဖြစ်သည်။ သူမသည်လည်း ကျွန်တော်၏ခါးကို ပြန်လည်သိုင်းဖက်ရင်း ကျွန်တော်နှင့်အတူ လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ်နင်းကာနင်းကာ ကျွန်တော်တို့နှစ်ယောက်၏ ဂေဟာဆီ လျှင်မြန်စွာလျှောက်လှမ်းဖြစ်ကြသည်။

"ဟင်"

အခန်းရှေ့အရောက်မှာ မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျွန်တော်ရော သူမပါ 'ဟင်'ခနဲ ဖွဲ့အားသင့်သွားရသည်။

"ဦးလေး"

"အေး"

သူမ၏နှုတ်မှ 'ဦးလေး'ဟု ဖွဲ့ဩဝမ်းသာခေါ်လိုက်သလို

www.burmeseclassic.com

www.burmeseclassic.com



အခန်းရှေ့မှာ ဆောင့်ကြောင့်ကြီးထိုင်နေရာမှ ထရပ်ကာ ဦးလေးဖြစ်သူကလည်း 'အေး'ဟု ဝမ်းသာစွာပင် ထူးသည်။

"တူမကြီးကို ဦးလေးစောင့်နေတာ နှစ်နာရီတောင်ရှိသွားပြီ"

ကျွန်တော် တစ်ခါမှမမြင်ဘူးသော သူမ၏ဦးလေးဆိုသူက လက်နှစ်ချောင်းထောင်ကာ ဆိုသည်။ သူမ၏ဦးလေးဘေးမှာက အဒေါ်ကြီးတစ်ယောက်။

"ဒါနဲ့ ဒီအချိန်ကြီးကြမှ ဦးလေးက ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာရတာလဲ၊ ဒီအန်တီကရော ဘယ်သူလဲ"

သူမ၏မေးခွန်းကြောင့် သူမ၏ဦးလေးဘေးမှ အန်တီကြီးသည် ရှက်စနိုးဖြင့် ခေါင်းကိုငုံ့ကာသွားသည်။

သူမ၏ဦးလေး ကိုယ်၌ကလည်း 'အဟက်'ဟု ရှက်ရယ်ရယ်သည်။ အတန်ကြာအောင် ရှက်ကိုးရှက်ကန်းကြီး လုပ်နေပြီးမှ. . .

"သမီးတို့ဆီကို ဦးလေး မိန်းမခိုးလာတာ"

"ဗျာ"

ဟုတ်ကဲ့။ သူမက 'ရှင်'ဆိုပြီးတော့ အံ့အားမသင့်ခင်မှာပင် ကျွန်တော် 'ဗျာ'ခနဲ အံ့အားသင့်ရင်း ထအော်မိသည်။ မိန်းမခိုးလာသည်ဆိုပဲ။

အသက်ငါးဆယ်ကျော်ကာ ခြောက်ဆယ်နားကပ်နေပြီဖြစ်သော အိုကြီးအိုမနှစ်ယောက်ကိုကြည့်ကာ ကျွန်တော် ငိုချင်စိတ်များပင် ပေါက်သွားရသည်မို့ 'အဟင့်'ဟု ရင်ထဲမှာ ရှိုက်ဖြစ်သွားသည် ထင်၏။

ဘာပြောပြော ဒီညမှာတော့ မည်သို့သော ညသည်ကိုမှ



အလိုမရှိသည်ပဲဖြစ်သည်။

အလိုမရှိဆို ဤညသည်ကား မင်္ဂလာဦးညဖြစ်သည်ကို။

×××××

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးဖြစ်သူက
စကားကိုမဆက်ဘဲ ၎င်း၏ဘေးမှ
ဇနီး ဖြစ်သူကို ရွှက်ဝဲဝဲဖြင့်
လှည့်ကာကြည့်"

အခန်းတံခါးကိုဖွင့်ကာ လေးယောက်သား ဧည့်ခန်းလည်းဖြစ်၊ ဘုရားခန်းလည်းဖြစ်သော အိမ်ဦးခန်းမှာ ထိုင်ဖြစ်ကြသည်။

"ဦးလေးကို မင်္ဂလာဆောင်မှာမတွေ့လို့ သမီးကတောင် မေမေ့ကို မေးနေသေးတာ၊ မောင် ဒါ မေမေ့မောင်အငယ်ဆုံး၊ ချစ်ရဲ့ အချစ်ဆုံးဦးလေးလေ"

ကျွန်တော်ပြုံးကာ ခေါင်းညိတ်ပြဖြစ်သည်။ ကျွန်တော့်အပြုံးတို့က မချိပြုံးဖြစ်နေဖို့ ရာခိုင်နှုန်းအတော်လေးများသည်။

"သမီးမင်္ဂလာဆောင်ကို စိတ်ကတော့ ရောက်နေပါတယ်ကွယ်၊ ဒါပေမဲ့ ဒီနေ့မှပဲ ဦးလေးမှာကလည်း ကိစ္စဝိစ္စတွေနဲ့ဆိုတော့"

ဦးလေးဖြစ်သူက စကားကိုမဆက်ဘဲ ၎င်း၏ဘေးမှ ဇနီးဖြစ်သူကို ရှက်ဝဲဝဲဖြင့် လှည့်ကာကြည့်သည်။ အိုကြီးအိုမနှင့် ကိုယ်စီကိုယ်င ရှက်ကိုးရှက်ကန်းကြီးတွေ ဖြစ်နေကြသော ဦးလေးတို့





နှစ်ယောက်ကိုကြည့်ကာ သူမက 'ခွီး'ခနဲရယ်သည်။ ကျွန်တော်ကတော့ အီလည်လည်ခံစားမှုဖြင့် မချိပြုံးကိုသာ အားတင်းကာပြုံးနေဖြစ်သည်။

"ခင် ဒါက ကိုယ့်တူမရဲ့အိမ်ဆိုပေမဲ့ ကိုယ့်အိမ်လိုပဲ သဘောထားနော်၊ ကိုယ့်တူမတို့လင်မယားကိုလည်း ကိုယ့်တူကိုယ့်သားလို သဘောထားပြီး ခိုင်းစရာရှိရင် အားမနာတမ်းခိုင်း သိလား"

"အင်"

မိန်းမဖြစ်သူ၏ ဦးလေးစကားကြောင့် ကျွန်တော့်ရင်ထဲမှာ နင့်ခနဲဖြစ်ကာသွားသည်။ 'ခိုင်းစရာရှိတာကို အားမနာတမ်းခိုင်း' ဟုဆိုသည်ကို။ ကျွန်တော်တို့ လင်မယားအဖြစ်က ကြင်စဦးဇနီးမောင်နှံနှင့်မတူဘဲ အိမ်ရှင်အလုပ်ရှင် နှစ်ယောက်ရှေ့မှာ ပုံပုံလေးထိုင်ကာ အမိန့်နာခံရန် အသင့်ဖြစ်နေသော အခိုင်းအစေများနှင့်ပင်တူနေသေးတော့။

"ဒါနဲ့ မိတ်ဆက်ပေးထားရဦးမယ်၊ ဒါက ကိုယ့်တူမလေး အုန်းချစ်တဲ့"

ဦးလေးက ကျွန်တော့်မိန်းမကို အသာမေးငေါ့ပြရင်း ဆို၍ အပြီးမှာ ဦးလေး၏မိန်းမဖြစ်သူက ကျွန်တော့်မိန်းမ အုန်းခြစ် အဲလေ အုန်းချစ်ကိုကြည့်ကာ ခွီးခနဲရယ်သည်။ ပြီး

"အို. . . ကိုကို့မောင့်တူမအမည်ကလည်း ဖတာဆန်လိုက်တာ၊ အုန်းချစ်တဲ့လား၊ တော်သေးတာပေါ့ ယပင့်'ချစ်'မို့လို့၊ ယယစ်'ခြစ်'သာဆို အုန်းသီးခြစ်တဲ့ အုန်းခြစ်နဲ့မှားနေဦးမယ်၊ အဟက်ဟက်"

တဟက်ဟက်ဖြင့်ရယ်နေသော ဦးလေးမိန်းမကိုကြည့်ရင်း ကျွန်တော့်မှာ အကြည်ညိုတွေပျက်ကာလာသည်။ ဘယ့်နှယ် သူများ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်လည်းတက်လာသေး အိမ်ရှင်နာမည်ကိုလည်း ဝေဖန်သေး။

ကျွန်တော့်ချစ်ဇနီး အသစ်စက်စက်ကလေးကတော့ ရှက်အမ်းအမ်းဖြင့် ခေါင်းကိုကုတ်သည်၊ သူငယ်ချင်းများကြားမှာလည်း ဤနာမည်က အမြဲအစအနောက်ခံနေကြမို့ သူမအဖို့ကတော့ ရိုးနေပြီးသားဖြစ်သည်။

ကျွန်တော်ကတော့ ကျွန်တော့်ချစ်ဇနီး အသစ်စက်စက်ကလေး၏နာမည်ကို စာရေးဆရာမလေးများ၏ ဘုတ်အုပ်များထဲက ဇာတ်လိုက်မင်းသမီးနာမည်များလို ရှည်လျားလှပဆန်းပြားအောင် ပေးမထားတတ်သော ယောက္ခမနှစ်ယောက်ကို လှမ်း၍မေတ္တာပို့ဖြစ်သည်။

ဦးလေး၏မိန်းမ ခနဲ့မည်ဆိုလည်းခနဲ့သင့်သည်၊ ကျွန်တော့်မိန်းမ၏နာမည်ကိုက ဒီလိုခေတ်ကြီးထဲမှာ 'အုန်းချစ်'ဖြစ်နေသည်ကိုး။

ကျွန်တော်ကတော့ ကျွန်တော့်ချစ်ဇနီးကို 'ချစ်'ဟုသာ အဖျားဆွတ်ကာခေါ်ဖြစ်သည်။ အခုတော့ ကျွန်တော် ငုံထားမတတ်ချစ်ရသော ဇနီးလေးကို သူမ၏ဦးလေးမိန်းမက ဘလိုင်းကြီးလာပြီး ခနဲ့နေသည်မို့ ရင်ထဲမှာ နင်တင်တင်ကြီး ဖြစ်နေရသည်ကတော့ အမှန်ပဲဖြစ်သည်။

"ကိုကို. . . ကို့တူမကို 'အုန်းချစ်'လို့ ခေါ်တာကတော့ ဟုတ်ပါပြီ၊ ဟိုချာတိတ်ကရော နာမည်ဘယ်လိုခေါ်သတဲ့တုန်း"

"ကိုယ်လည်းမသိဘူး၊ မင်္ဂလာဖိတ်စာကို အမှုမဲ့အမှတ်မဲ့ဝဲကြည့်ထားလိုက်တော့ နာမည်ကို သတိမထားမိဘူး၊ ဒီမှာသူငယ်မင်းနာမည်က ဘယ်သူတုန်း"

မိန်းမ၏ဦးလေးမေးသော အမေးကြောင့် မိန်းမက





ကျွန်တော့်ကိုကြည့်သည်၊ ပြီး. . .

"ဩော်. . . သူ့နာမည်က သက်ခိုင်တဲ့"

ဟု ဝင်၍ဖြေပေးသည်။

"ဟွန်း. . . မိန်းမနာမည်က အုန်းချစ်၊ ယောကျ်ားနာမည်က သက်ခိုင်၊ အမလေး တောဆန်လိုက်တာမှ တကယ်တောဆန်လိုက်တာ"

"မိန်းမရေ. . . သူတို့လည်း တစ်နေကုန်ပင်ပန်းထားတော့ အိပ်ချင်နားချင်ရောပေါ့၊ လာ လာ ကိုယ်တို့လည်းနားရအောင်"

မျက်စိမျက်နှာပျက်နေသော ကျွန်တော့်ကိုကြည့်ပြီး ဦးလေးက သူ့အမျိုးသမီး၏စကားစကို ဝင်၍ဖြတ်သည်။ မဖြတ်လျှင်လည်း အားမနာလျှာမကျိုး ပိုးစိုးပက်စက်ကြီးကို နှိပ်ကွပ်မည့် သူ့မိန်းမအကြောင်း သူသိနေ၍ဖြစ်မည်၊

ဦးလေးက ပြော့ပြောဆိုဆို သူ့မိန်းမကို လက်ဆွဲကာ အိပ်ခန်းတစ်ခန်းလုံးမှာမှ တစ်ခန်းတည်းရှိသော အိပ်ခန်းထဲ ရွတ်ခနဲဝင်ရန်ပြင်သည်၊

"ဟာ. . . ဥ. . . ဦးလေး"

ကျွန်တော် အထစ်ထစ်အငေါ့ငေါ့ဖြင့် ခေါ်လိုက်သည်မို့ ဦးလေးလင်မယားက နောက်ပြန်လှည့်ကြည့်သည်၊

"ဘာလဲ"ဟူသောသဘောဖြင့် ဦးလေးက မျက်ခုံးကိုပင့်သည်။

"ဟိုဒင်း. . . ဦးလေးတို့အိပ်တော့မယ်ဆိုရင် ကျွန်တော်တို့ ဦးလေးတို့လင်မယားအတွက် အိမ်ဦးခန်းမှာပြင်ပေး"

"အာ. . . နေနေ ရတယ် ငါ့တူ၊ ဘာမှပြင်ပေးမနေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲက ခုတင်ပေါ်မှာပဲ ဖြစ်သလိုအိပ်လိုက်တော့မယ်၊ ငါတို့က အိမ်ဦးခန်းမှာ လွတ်လွတ်လပ်လပ်အိပ်ကြ"

ပြောပြီး ချာခနဲ အိပ်ခန်းထဲ ကိုယ့်အိမ်ကိုယ့်ယာလို ဝင်ကာသွားသော မိန်းမဖြစ်သူ၏ ဦးလေးလင်မယားကိုကြည့်ရင်း ကျွန်တော် ပါးစပ်ကြီးဟကာ ကျန်ရစ်သည်။

ဖုံအားသင့်ကာ ပါးစပ်ကြီးဟလျက်ရှိနေသော ကျွန်တော့်ကို မိန်းမဖြစ်သူက အသာလက်တို့သည်။

"ဘာဖြစ်နေတာလဲ"

မိန်းမဖြစ်သူ၏ အမေးစကားကြောင့် ကျွန်တော် ဒေါသထွက်သွားရသည်။ သူမကိုလှည့်ကြည့်တော့ သူမမျက်နှာက ပြုံးစိစိကြီးဖြစ်ကာနေသည်။

"ဟ. . . ဘာဖြစ်ရမှာလဲ ချစ်ရဲ့ဦးလေးက တော်တော်အထူအပါးနားမလည်တာပဲ၊ မောင်တို့နှစ်ယောက်အတွက် ဒီညက မင်္ဂလာဦးညလေ၊ ကိုယ်တို့အိပ်ခန်းထဲက ကိုယ်တို့ရဲ့မင်္ဂလာအိပ်ရာမှာ သူတို့က အိုကြီးအိုမနဲ့ ဝင်အိပ်စရာလား၊ ပြောသွားလိုက်သေးတယ် ခုတင်ပေါ်မှာပဲ ဖြစ်သလိုအိပ်လိုက်တော့မယ်တဲ့၊ တစ်တောင်လောက်ရှိတဲ့ မွေ့ရာပေါ် အိပ်ရမဲ့ကိစ္စကိုများ ဒါဖြစ်သလိုတဲ့လား။ ဒီက မင်္ဂလာမောင်နှံ အသစ်စက်စက်ကလည်း ဝရန်တာမှာ ထွက်အိပ်ပေးရမလိုဖြစ်နေပြီ"

ကြိတ်မနိုင်ခဲမရဖြင့် ဆိုသော ကျွန်တော့်စကားအဆုံးမှာ ဇနီးဖြစ်သူက ခွိုးခနဲရယ်သည်။

"ဘာရယ်တာလဲ"

ဖုံကြိတ်ကာမေးသော ကျွန်တော့်အမေးကို သူမက





"မောင့်ပုံစံကို ရယ်ချင်လို့ပေါ့၊ မောင့်ပုံစံက အီလည်လည်ကြီး ဖြစ်နေတာကိုး"

ဟု ဆိုရင်း ရယ်ပြန်သည်။

"မဖြစ်ဘဲနေမလား ချစ်ပဲစဉ်းစားကြည့်၊ တစ်တောင်လောက်ရှိတဲ့မွေ့ရာနဲ့ သူတို့နဲ့ ဘာဆိုင်လို့တုန်း၊ အိုကြီးအိုမနဲ့ တစ်ခါထဲ မပြောလိုက်ချင်ဘူး၊ မသာနဲ့စိန်နားကပ် အပ်ကိုမအပ်စပ်ဘူး"

"ရှူး. . . တိုးတိုး၊ ကြားသွားပါဦးမယ် မောင်ရဲ့"

"ကြားလို့ဆင်းသွားလဲ အေးတာပဲ"

ကျွန်တော့် အီလည်လည်စကားအဆုံးမှာ သူမကတော့ ခွိုးခနဲရယ်သည်။

"မရယ်နဲ့နော်၊ သိပ်ကြည်တာမဟုတ်ဘူး၊ ဘယ့်နှယ်ဗျာ တော်တော်အထူအပါးနားမလည်တဲ့ ဦးလေးပဲ၊ မနက်ဖြန်မှလာတော့ ဘာဖြစ်မှာမို့လို့တုန်း၊ မင်္ဂလာဦးညတည့်တည့်ကြီးမှ လာစရာလား"

ကျွန်တော့်စကားကြောင့် သူမကတော့ ရယ်ပြီးရင်းရယ်ရင်း 'ခွိုး'ခနဲ ရယ်ပြန်သည်။

"ရယ်နေ. . . ရယ်နေ၊ မောင်ကတော့ မုဒိတာမပွားနိုင်ဘူး၊ ဘယ့်နှယ်ဗျာ အိုကြီးအိုမတွေနဲ့ စိပ်ပုတီးကိုင်ရမဲ့အရွယ်မှာ ဟိုဒင်းဖြစ်ရတယ်လို့၊ တောက် မွေ့ရာကလေ ချစ်မသိလို့ တကယ့်ကို တစ်တောင်လောက်ရှိတာသိလား၊ တော်တော်လေးကို ရှာဝယ်ထားရတာ"

"မောင်နော်"

ကျွန်တော့်စကားအဆုံးမှာ သူမက ရှက်ရှက်ဖြင့် 'မောင်နော်'ဟုဆိုရင်း လက်မောင်းကို ဆွဲဆိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုစဉ်ကတော့ ရှက်ရှက်ဖြင့် သူမ ဆွဲဆိတ်သမျှသည် လေတိုးသလောက်ပင် မနာ။ အခုတော့ ခါတိုင်းလိုမဟုတ်။ အကော့်တိုနာသည်။

"ကဲပါ. . . မျက်နှာကြီးစူပုပ်မနေနဲ့၊ ချစ် အိပ်ရာခင်းပေးမယ်၊ မောင် အနားယူချင်ရောပေါ့"

"ဟုတ်တယ်၊ အနားယူချင်နေပြီ၊ ဒါပေမဲ့ ဒီကြမ်းပေါ်မှာ တော့မဟုတ်ဘူး၊ ကိုယ့်မွေ့ယာပေါ်မှာပဲ ကိုယ်အနားယူချင်တာ"

ကျွန်တော်၏ ဘုဂလန့်အဆိုကြောင့် သူမက မျက်စိမျက်နှာပျက်ဖြင့် 'ရှူး. . . တိုးတိုး'ဟုဆိုသည်။

"ကဲ. . . ကဲ ခင်းမှာဖြင့်လည်း မြန်မြန်ခင်း"

ခပ်ဆောင့်ဆောင့်ဆိုသော ကျွန်တော့်စကားအဆုံးမှာ သူမက ဘီရိုထဲမှ အိပ်ရာအပိုကိုယူကာ ခင်းသည်။

မတတ်နိုင်၊ မင်္ဂလာဦးညမကလို့ ဘာညဖြစ်နေနေ ဒီညတော့ ဒီအိပ်ရာခင်းပါးပေါ်မှာပဲ အိပ်ရတော့မည်။

သူမခင်းပြီးသွားသော အိပ်ရာခင်းခပ်ပါးပါးပေါ်မှာ ကျောဆန့်ခင်းရင်း မျက်စိထဲမှာ တစ်တောင်ခန့်ရှိသော မွေ့ရာကို ဖျတ်ခနဲ သတိရလိုက်မိသည်။ သူမနှင့်အတူတူ ဘုရားရှိခိုးပြီး အိပ်ရာဝင်ရန် မီးကိုမှိတ်ဖြစ်သည်။ ကျွန်တော်က ယောကျ်ားလေးမို့ ကိစ္စမရှိ။ အိပ်ရာခင်းပါးပါးလေးမှာ အိပ်စက်နေရသော ကျွန်တော့်ဇနီး အသစ်စက်စက်ကလေး အိပ်၍အဆင်ပြေပါ့မလားဟုတွေးရင်း သူမကို ကျွန်တော် သနားသွားမိသည်။ သူမကို ရင်ထဲဆွဲယူကာ ပွေ့ထားရင်းက သူမ၏နဖူးပြင်ကို ခပ်ဖွဖွအနမ်း. . .

"သမီးရေ"



အိပ်ခန်းထဲမှ ထွက်လာသော ဦးလေး၏ခေါ်သံကြောင့် သူမက 'ရှင်'ဟုထူးရင်း ကမန်းကတန်း ထထိုင်သည်။ နဖူးပြင်ကို နမ်းလက်စတန်းလန်း ကျွန်တော့်အနမ်းသည် လေထဲမှာ ပျောက်ကွယ်ကာသွားသည်။ မချင့်မရဲဖြင့် ကျွန်တော်ပါရောင်ရမ်းကာ ထထိုင်ဖြစ်သည်။

"အိပ်ပြီလား သမီး"

"မအိပ်သေးဘူး ဦး"

"အေးကွယ်. . . ခဏလေးလာပါဦး"

ဦးလေး၏စကားကြောင့် သူမက ကမန်းကဘန်း ထရပ်ကာ အိပ်ခန်းဆီသွားသည်။ ကျွန်တော်ထိုင်နေလျက်နှင့်ပင် အသာနားစွင့်ဖြစ်သည်။

"အားနာလိုက်တာသမီးရယ်၊ ဦးရော သမီးရဲ့ အန့်တီပါ အိပ်မပျော်လို့၊ အသွင်တူအိမ်သူဖြစ်သလိုပေါ့ သမီးရယ်၊ ဦးရော အန်တီပါတူတဲ့အကျင့်တစ်ခုရှိတယ်"

"ဟုတ်"

ကျွန်တော့်မိန်းမ၏ အသံက အိပ်ချင်မူးတူးအသံဖြစ်နေသည်ဟု ကျွန်တော်ထင်မိသည်။ ဦးလေးက စကားကိုဆက်သည်။

"အဲဒီအကျင့်က အနှိပ်ခံရင်းနဲ့ အိပ်တဲ့အကျင့်ပေါ့"

ကြားရသောစကားကြောင့် ကျွန်တော် မျက်လုံးများပင် ပြူးသွားမိသည်မို့ ရှေ့ဆက်လာမည့်စကားကို နားစွင့်မိသည်။

"သမီးသိတဲ့အတိုင်း အိမ်မှာဆို ကိုစိုးက နှိပ်ပေးနေကျလေ"

သူမ၏ဦးလေးကို သူမတို့အိမ်မှာနေသော သူမ၏ တစ်ဝမ်းကွဲအစ်ကို 'ကိုစိုး'က ညတိုင်းနှိပ်ပေးနေကျဆိုတာ သူမပြောပြဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



မှို့ ယင်းတိစ္စကို ကျွန်တော် သိတော့သိထားသည်။

"အဲဒီလိုပဲ သမီးရဲ့ အန်တီကလည်း အဲဒီလိုအနှိပ်ခံရင်းနဲ့ အိပ်နေကြတဲ့၊ အဲဒါကြွယ် မင်္ဂလာဦးမှာ ကုသိုလ်ရအောင် သမီးတို့ လင်မယား ဦးနဲ့အန်တီ့ကို နှိပ်ပေးကြပါလား"

ကြားရသောစကားကြောင့် 'အင်'ခနဲ နင်သွားရသည်။ 'ရပါတယ်ဦးရဲ့ နှိပ်ပေးမှာပေါ့'ဟူသော ကျွန်တော့်ဇနီးဖြစ်သူ၏ စကားကြောင့် ကျွန်တော့်မျက်လုံးများပင် ပြူးသွားရသည်။ 'နှိပ်ပေးမှာပေါ့'ဟူသော စကားဆုံးပြီး မကြာမီမှာပင် 'မောင်ရေ ခဏလေး' ဟူသော ချစ်ဇနီး၏ခေါ်သံကို မိုးကြိမ်းသံအလား ကျွန်တော် ကြားလိုက်ရသည်။

မတတ်နိုင်တော့။ မင်္ဂလာဦးည၏ ကံကြမ္မာကိုက ဇာတ်ဆရာအလိုကျ ကရတော့မည်မို့ ကျွန်တော် လေးတွဲ့စွာပင် အိပ်ခန်းထဲ ဝင်ခဲ့ဖြစ်သည်။

"လာလာ ကောင်လေး"

ကျွန်တော့်ကို ခုတင်ပေါ်မှနေ စားပွဲထိုးခေါ်သလို လက်ယပ်ကာခေါ်နေသော ဇနီးဖြစ်သူ၏ ဦးလေးကိုကြည့်ရင်း ကျွန်တော် အော်ငိုချင်စိတ် ပေါက်သွားရသည်။

"မောင် ဦးလေးတို့က အိပ်မပျော်လို့တဲ့၊ အဲဒါ ချစ်တို့ ခဏလောက် နှိပ်ပေးရအောင်နော်"

ဇနီးဖြစ်သူ၏လေသံက ခါတိုင်းနှင့်မတူအောင် ချိုသည်။ အသုံးအနှုန်းကလည်း အတော်လေးစားဖွယ်ကောင်းသည်။ 'နှိပ်ပေးပါဦး'ဟုလည်းမဟုတ်။ 'နှိပ်ပေးမလား'ဟုလည်း မဆို။ ညှိနှိုင်းဝိဘတ်ဖြစ်သော 'နှိပ်ပေးရအောင်'ဆိုသည့်စကားကို လှလှပပလေး သုံးကာ



သွားသည်။

မင်္ဂလာဦးညမှာ မထိရတော့ဟု ယူဆထားသော တစ်တောင်ခန့်ရှိသော မွေ့ရာပေါ် ကျွန်တော် စိတ်နာနာဖြင့် တက်ဖြစ်သည်။

ကျွန်တော်က ဦးလေးကိုလည်းကောင်း၊ ကျွန်တော့်ဇနီးအသစ်ကလေးက ဦးလေး၏ဇနီးကိုလည်းကောင်း နှစ်ယောက်သားနာရီဝက်ခန့် နှိပ်ပေးကြရင်း ဦးလေးတို့လင်မယား အိပ်ပျော်သွားတော့မှ တစ်ယောက်ကိုတစ်ယောက် အချက်ပြကာ နှစ်ယောက်သားအိပ်ခန်းထဲမှ အသက်ပင် ပြင်းပြင်းမရှူဘဲ ထွက်ခဲ့ဖြစ်ကြသည်။

ပြီး နှစ်ယောက်သား အိပ်ရာခင်းပါးပါးလေးပေါ် အတူတူထိုင်ဖြစ်ကြရင်း မီးရောင်မှိန်မှိန်အောက်မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ သက်ပြင်းချဖြစ်ကြသည်။ အသံကျယ်ကြီးဖြင့် ဟောက်နေကြသော ဦးလေးလင်မယားတို့၏ ဟောက်သံကြောင့် အိပ်လို့ကမရ။ ဝီခနဲဝဲလာသော ခြင်ကို လက်ဖြင့်ရမ်းလိုက်ရင်းက စိတ်ထဲမှာ ခပ်ချဉ်ချဉ်ဖြင့် တွေးမိသည်၊ 'ဒါလားကွ မင်္ဂလာဦးည'ဟု။

×××××

www.burmeseclassic.com

www.burmeseclassic.com



# ၆

ကျွန်တော်လည်း ရင်းတို့နှင့်
ဘတ်ချလာနိုက်စားပွဲသောက်ပွဲ
အပြီး ပြန်ခဲ့ချိန်မှစ၍
ဦးလေးတို့ရောက်လာပုံအလယ်
နှိပ်ပေးရပုံ အဆုံး

လက်ဖက်ရည်ဆိုင်မှာ ရောက်နှင့်နေသော သူငယ်ချင်းများက မချိုမချဉ်ဖြင့် ဝိုင်းကြည့်နေကြသည်မို့ ကျွန်တော် ရှက်ရှက်ဖြင့် မျက်နှာပူသွားရသည်။ သကောင့်သားများဝိုင်း၍ စကြနောက်ကြတော့မည်ကို ကြိုသိနေသည်ကိုး။

"လာထိုင် ငါ့ကောင်ကြီး"

ရာဇာက ပြောင်ချော်ချော်ဖြင့် ကျွန်တော့်ကို ထိုင်ခုံတစ်လုံး အဆင်သင့်ဆွဲပေးသည်။ ပြီး ပြုံးဖြီးဖြီးဖြင့်. . .

"ငါ့ကောင်ကြီးကြည့်ရတာ အိပ်ရေးမဝသေးတဲ့ပုံပဲ"

ဟုဆိုရင်း တဟဲဟဲရယ်သည်။

"မင်းပြောတာ အမှန်ပဲ၊ အိပ်ရေးမဝသေးဘူး၊ ဝါး တစ်ညလုံးနှိပ်ပါးဆိုတော့ လက်တွေကို ညောင်းနေတာပဲကွာ၊ တောက်"



သန်းရင်းက အမှတ်တမဲ့ ရေရွတ်မိသော ကျွန်တော့်စကားကြောင့် ရာဇာရော မင်းသူရတို့ပါ တခွီးခွီးရယ်ကြသည်။ ခန့်ပိုင်ဦးက ရယ်ကျဲကျဲဖြင့်

"အေးလေ. . . တစ်ညလုံးနှိပ်ပါးဆိုတော့လည်း ညောင်းပြီပေါ့၊ လက်တွေပဲညောင်းတာလား၊ ခါးကော မညောင်းဘူးလား"

ဟုဆိုရင်း 'အဟီး'ဟုရယ်သည်။

"ခါးလည်းညောင်း၊ အာ မင်းတို့ကလည်းကွာ ဘာတွေလျှောက်ပြောမှန်းကိုမသိဘူး၊ ငါလက်ညောင်းတာက တစ်ညလုံးနှိပ်ပေးနေရလို့ကွ"

ကျွန်တော်၏ ဖြေရှင်းစကားကြောင့် ခန့်ပိုင်ဦးတို့သုံးကောင်က ခွီးခနဲ ရယ်ကြပြန်သည်။ ရယ်ဆို ကျွန်တော်ပြောသမျှကို တလွဲကြီး လျှောက်တွေးနေကြသည်ကိုး။

"ယုံဒယ်. . . ယုံဒယ် ဘယ်ဂျင်း"

ရာဇာက ပြောင်စိစိမျက်နှာပေးဖြင့် မျက်ခုံးကိုပင့်ကာပင့်ကာဖြင့် 'ယုံဒယ်'ဟု အိုဘာအက်တင်ဖြင့်ဆိုသည်။ သကောင့်သားများကို မရှင်းပြလို့ကတော့ မဖြစ်တော့။

သို့နှင့် 'တကယ်ပြောတာကွ ဒီလိုကွာ၊ ညက ×××××××× ×××××××××"

ကျွန်တော်လည်း ရင်းတို့နှင့် ဘတ်ချလာနိုက်စားပွဲသောက်ပွဲအပြီး ပြန်ခဲ့ချိန်မှစ၍ ဦးလေးတို့ရောက်လာပုံအလယ် နှိပ်ပေးရပုံ အဆုံး အကုန်လုံးပြောပြဖြစ်သည်။

ကျွန်တော့်စကားအဆုံးမှာ သကောင့်သားသုံးကောင်က တခွီးခွီးရယ်ကြသည်။ မင်းသူရက



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းမိန်းမရဲ့ဦးလေးတို့က ဘယ်နှရက်လောက်နေမှာတဲ့လဲ၊ မင်း နည်းနည်းပါးပါး တီးခေါက်မကြည့်ဘူးလား"

ဟု အမေးရှိသည်။

"မနက်အစောကြီး ကောက်ညှင်းပေါင်းနဲ့ အကြော် စားချင်တယ်ဆိုလို့ လမ်းထိပ်မှာ သွားဝယ်ပြီးကျွေးရသေးတယ်၊ အဲဒီမှာ ကောက်ညှင်းပေါင်းစားရင်းနဲ့ ဦးလေးက 'အားတော့နာတယ် သမီးရယ်၊ တစ်ပတ်တန်သည် ဆယ်ရက်တန်သည်တော့ အိမ်မငှားရသေးခင် နေပါရစေဦးတဲ့"

"ဒီတော့ မင်းမိန်းမက ဘာပြောလဲ"

ခန့်ပိုင်ဦးက ပခုံးကိုတွန့်ရင်း မေးသည်။

"သူ့ဦးလေး အရင်းခေါက်ခေါက်ပဲကွာ၊ ရပါတယ်ပဲ ပြောရတော့တာပေါ့၊ ဘယ်တတ်နိုင်မလဲကွာ၊ ဒီနေ့ညနေခင်းပြန်ရင် အိမ်ကလိုက်ရှာပေးရဦးမှာကွ၊ တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်ကြည့်ပြီး ညကျ ညောင်းတယ်ဆိုပြီး နှိပ်ပေးရမှာ မြင်ယောင်သေးတယ်"

လက်ကိုကွေးချည်ဆန့်ချည် လုပ်ရင်း ဆိုသော ကျွန်တော့်စကားကြောင့် သကောင့်သားသုံးကောင်က ပြုံးကြသည်။

"အင်း. . . မင်းရဲ့မင်္ဂလာဦးညကလည်းကွာ တော်တော်ကဗျာမဆန်တာပဲ၊ ဘယ့်နှယ်ကွာ ဘယ်လောက်အလိုက်မသိဘူးပဲဆိုဆို မင်္ဂလာဦးညတော့ အိမ်မှာလာပြီး ညည့်သည်မလုပ်သင့်ဘူးမဟုတ်လား"

ရာဇာ၏စကားကို မင်းသူရက 'အေးကွာ'ဟု ထောက်ခံသည်။





ကျွန်တော်ကတော့ အိမ်လိုက်ရှာပေးရဦးမည့် အရေးတွေးကာ သက်ပြင်းမောကိုသာ ချဖြစ်သည်။

××××



www.burmeseclassic.com

www.burmeseclassic.com



၆

တံခါးခေါက်လိုက်သောအခါ
တံခါးလာဖွင့်ပေးသူက
ကျွန်တော်ချစ်ရသော
ကျွန်တော့်အမောပြေ
တွေ့ချင်သော

လှေကားတို့ကို တစ်ထစ်ပြီးတစ်ထစ် တက်ခဲ့ရသော ခြေလှမ်းတို့က သိပ်တက်တက်ကြွကြွကြီးတော့မဟုတ်။ တကယ်ဆို ကြင်စဦး ဇနီးဖြစ်သူကို အလုပ်အပြန်မှာ တွေ့ဖို့ပြန်လာသော ခင်ပွန်းတစ်ယောက်၏ ခြေလှမ်းတို့က လေးကန်မနေသင့်ဟု တွေးမိသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးခေါက်လိုက်သောအခါ တံခါးလာဖွင့်ပေးသူက ကျွန်တော်ချစ်ရသော ကျွန်တော့်အမောပြေ တွေ့ချင်သော ဇနီးဖြစ်သူ၏ မျက်နှာမဟုတ်။ ဇနီး၏ဦးလေး ဖြစ်ကာနေသည်။

"ငါ့တူကြီးတောင်ပြန်လာပြီ"

"ဟုတ်ကဲ့"

လောကွတ်စကားဆိုလာသည်မို့ 'ဟုတ်ကဲ့'ဟု ဟန်လုပ်ကာ



ပြုံးရင်း ပြန်ဖြေဖြစ်သည်။ လူလည်းမတွေ့၊ အသံလည်းမကြားသော ဇနီးဖြစ်သူကို တောင်ကြည့်မြောက်ကြည့်ဖြင့်ရှာသော ကျွန်တော့်ကို ကြည့်ကာ ဦးလေးက. . .

"အုန်းချစ်ကို ရှာနေတာလား"

ဟု အမေးရှိသည်။

"ဟုတ်ကဲ့"

အမှန်တကယ်ရှာနေသည်မို့ ဟုတ်ကဲ့ဟု ဖြေဖြစ်သည်။

"အေးကွာ. . . မင်းရဲ့အန်တီက ကြေးအိုးဆီချက် စားချင်တယ်ဆိုလို့ ဦးလေးလည်း ဆင်းချည်တက်ချည် မလုပ်နိုင်တာနဲ့ အုန်းချစ်ကို သွားဝယ်ခိုင်းလိုက်တယ်"

"သြော်. . . ဟုတ်ကဲ့"

ခုနစ်ထပ်ကြီးများတောင်ရှိသော တိုက်၏လှေကားထစ်များကို ခေါက်တုံ့ခေါက်ပြန် ဆင်းချည်တက်ချည်ဖြင့် မောနေရှာမည့် ချစ်ဇနီးဖြစ်သူ၏ မျက်နှာလေးကို ပြေးမြင်ရင်း ကျွန်တော်ရင်ဆို့သွားရသည်။

"ဒါနဲ့ ဒီတိုက်ရဲ့ မြေညီထပ်မှာ အအေးဆိုင်ရှိသလ᠁းလို့၊ ပုလင်းတွေဘာတွေ မဟုတ်ဘဲနဲ့ကွာ၊ ဖာလူဒါတို့ ဘာတို့လို အအေးကို ပြောတာ"

"ဟုတ်ကဲ့၊ ရှိတယ်ဦး"

အမှန်တကယ်ရှိနေသည်မို့ ကျွန်တော် ခေါင်းညိတ်ပြရင်း ဆိုဖြစ်သည်။

"အေးကွာ. . . အားတော့နာပါရဲ့ကွာ၊ ခရီးရောက်မဆိုက်ပဲ ခိုင်းရဦးမယ်၊ ဦးကလေ ဖာလူဒါသိပ်ကြိုက်တာ၊ အသက်ကြီးလာလို့

www.burmeseclassic.com

www.burmeseclassic.com



လားမသိဘူး ဟိုဟာစားချင် ဒီဟာစားချင်နဲ့ အခု ဖာလူဒါသောက်ချင်နေတယ်ငါ့တူရယ်၊ အဲဒါ ဖာလူဒါလေး ဆင်းဝယ်ပေးပါလား"

ရင်ဝကို ဆောင့်ကန်လိုက်သလို ပက်လက်လန်ကျသွားမလားပင် ထင်လိုက်ရသောစကားကြောင့် ကျွန်တော် စိတ်လေသွားရသည်။

"ဦးက မင်းတို့လူငယ်တွေလို သွက်သွက်လက်လက်တက်နိုင်ဆင်းနိုင်မဟုတ်တော့ တစ်ခေါက်တစ်ခေါက်ဆင်းဖို့ တက်ဖို့အရေး မလွယ်ဘူးကွ ငါ့တူရ၊ တော်ပါသေးရဲ့ကွာ ငါ့တူတို့လင်မယားရှိနေလို့သာပဲ"

ငါးရာတန်တစ်ရွက်ကို ကမ်းပေးရင်းဆိုလာသော ဦးလေး၏စကားကြောင့် ကျွန်တော် ငိုချင်စိတ်ပေါက်သွားရသည်။ ဦးလေးဘေးမှာ တစ်ချိန်လုံး ပြုံးပြုံးကြီးထိုင်နေသော ဦးလေး၏မိန်းမက. . .

"ဘာပြောပြော ငါ့တူတို့လင်မယားကတော့ အန်တီတို့လင်မယားကောင်းမှု အကြောင်းပြုပြီးတော့ ဝေယျာဝစ္စ ကုသိုလ်တွေတော်တော်ကြီးရနေလောက်ပြီ၊ အဟင်း ဟင်း"

ဟု ဆိုသည်။

"ရပါလိမ့်မယ် အားကြီးကြီး"ဟု စိတ်ထဲမှပြန်ပြောရင်း ဦးလေးကမ်းပေးသော ငါးရာတန်ကို လှမ်းယူကာ သက်ပြင်းကိုသာ ဟင်းခနဲနေအောင် ချဖြစ်တော့သည်။

××××





၆

မောင်ရယ် သူတို့က
အသက်တလည်းရနေပြီဆိုတော့
ဒီလို အတက်အဆင်းတွေကို
တတ်ချည်ဆင်းချည်
ဘယ်လုပ်နိုင်ပါတော့မလဲ

ဖာလူဒါပါဆယ်ထုပ်နေဆိုင်မှာပင် လမ်းထိပ်မှပြန်လာသော မိန်းမဖြစ်သူကို ကြေးအိုးပါဆယ်ထုပ်ဆွဲလျက် တွေ့ရသည်။

"ချစ်ရေ"

ကျွန်တော့်ခေါ်သံကြောင့် မိန်းမဖြစ်သူက လှည့်ကြည့်သည်။ ပြီး အံ့ဩဟန်ဖြင့် 'ဘာဝယ်နေတာလဲ'ဟူသော သဘောဖြင့် မေးငေါ့သည်။

ဆိုင်ရှင်ကမ်းပေးလာသော ဖာလူဒါပါဆယ်ထုပ်ကို စိတ်နာနာဖြင့် မြှောက်ပြရင်း 'ချစ်ရဲ့ဦးလေးဝယ်ခိုင်းလို့'ဟု ဆိုဖြစ်သည်။ ချစ်ဇနီး၏နဖူးမှ ချွေးစတို့ကိုကြည့်ရင်း ကျွန်တော် ကြေကွဲသွားမိသည်ကတော့အမှန်၊

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် စကားပင်



www.burmeseclassic.com

www.burmeseclassic.com



မဆိုဖြစ်ကြဘဲ လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် တက်ခဲ့ဖြစ်ကြသည်။

ငါးလွှာအရောက်မှာ ချစ်ဇနီးက ကျွန်တော့်မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ ပြီး

"မောင် စိတ်ညစ်နေပြီလား"

ဟုဆိုသည်။

"စိတ်ညစ်နေတာမဟုတ်ပေမယ့် စိတ်ထဲမှာ မပျော်နိုင်တာတော့ အသေအချာပဲ၊ အိမ်မြန်မြန်ငှားပြီးမှပဲ မောင်တို့နှစ်ယောက် အေးအေးဆေးဆေးနေရတော့မယ်ထင်တယ်၊ အခုကျတော့ မောင်တို့နှစ်ယောက်က သူတို့ လက်တိုလက်တောင်းခိုင်းဖို့ ခေါ်ထားတဲ့အတိုင်းပဲ၊ အလုပ်က ပြန်ရောက်ရောက်ချင်း နားပါစေဦးဆိုတဲ့ စိတ်လေးတောင်မရှိဘူး"

"မောင်ရယ် သူတို့က အသက်ကလည်းရနေပြီဆိုတော့ ဒီလိုအတက်အဆင်းတွေကို တက်ချည်ဆင်းချည် ဘယ်လုပ်နိုင်ပါတော့မလဲ၊ ဒီတော့ ကိုယ့်တူကိုယ့်သားလို သဘောထားပြီး ခိုင်းတာပေါ့လို့၊ ချစ်တို့ နှစ်ယောက်ကိုမှ မခိုင်းရင် ဘယ်သူ့ကိုသွားခိုင်းမလဲ၊ ကုသိုလ်ရပါတယ်မောင်ရယ်"

ဇနီးဖြစ်သူက လေပြည်လေးဖြင့် ချော့သည်။

"မသိဘူးကွာ၊ ညတိုင်းလည်း နှိပ်ပေးရသေး၊ မနက်မနက်လည်း သူတို့စားချင်သောက်ချင်တာကို အလုပ်မသွားခင် ပြေးဝယ်ပေးရသေး၊ နေ့လယ်စာကျတော့လည်း စီစဉ်ပေးရသေးတယ်၊ ဟောအခုညနေ အလုပ်ကပြန်လာတော့လည်း မနားရဘူး၊ နေဦး ဒါနဲ့ အိမ်ငှားဖို့ပွဲစားကို ပြောထားတာ ဘာတဲ့လဲ"





ကျွန်တော့်အမေးကြောင့် မိန်းမက ကြားသွားမှာစိုးသည့်အလား အပေါ်ကို တစ်ချက်လှမ်းကြည့်သည်။ သူ့ခမျာ ငါးလွှာမှာ ပြောဆိုနေသောစကားကို ခုနစ်လွှာမှ သူဦးလေးများကြားမည်ကို စိုးရိမ်နေဟန်တူသည်။

"ပွဲစားက မနက်ဖြန်မနက်မှ ဆုံရအောင်တဲ့၊ ဒီနေ့ညနေခင်း သူမအားဘူးတဲ့၊ အိမ်ရှင်တွေဆီက အခန်းသော့တွေ ပတ်ယူထားလိုက်မယ်တဲ့"

"ပြီးရော. . . အိမ်ပွဲစားတွေကို ဒီနေရာနဲ့ဝေးဝေးက အခန်းတွေ အရင်ပြခိုင်းရမယ်"

အံကြိတ်ကာဆိုသော ကျွန်တော့်စကားကြောင့် ဇနီးဖြစ်သူက 'ပိုရန်ကော'ဆိုသောသဘောဖြင့် မျက်စောင်းထိုးသည်။

"ဒီမိန်းမမှာ ဒီလိုဦးလေးမျိုး ရှိမှန်း အစကတည်းကသိရင် မယူပါဘူး"

မျက်စောင်းထိုးသော ဇနီးဖြစ်သူကို လှမ်းစသည်မို့ ဇနီးဖြစ်သူက ကျွန်တော့်ဗိုက်ခေါက်ကို ဆွဲလိမ်သည်။

"ယား. . . ပါးပါး"

"အဲဒါမှတ်ထား၊ ဒီက အုန်းချစ်တို့ကလည်း ဒီလိုသဘောထားမကြီးတဲ့လူမှန်းသိရင် sorry ပါပဲနော်"

ခေသူမဟုတ်သော ဇနီးဖြစ်သူကလည်း ပက်ခနဲ ပြန်၍ဆိုသည်။

"အေးပါ. . . ဒီထက်သဘောထားကြီးရရင်လည်း အလုပ်က ထွက်ပြီး မင်းရဲ့ဦးလေးလင်မယား ခြေတော်ရင်းမှာ အချိန်ပြည့်ခစားဖို့ပဲ ရှိတော့တယ်"



www.burmeseclassic.com

ပြောရင်းဆိုရင်း တက်ရင်းဖြင့် ကိုယ့်အခန်းရှေ့ကို ရောက်မှန်းမသိ ရောက်ကာလာသည်။

ခုနစ်လွှာတိတိရှိသော အပေါ်ဆုံးထပ်ကို တက်လာခဲ့သော ဇနီးဖြစ်သူကို လှမ်းကြည့်တော့ သူမ၏နဖူးမှာ ချွေးစတို့ဝေ့သီနေသည်ကို စိတ်မကောင်းစွာ မြင်တွေ့ရသည်။

ဦးလေးလင်မယားကောင်းမှုဖြင့် ကျွန်တော်တို့လင်မယားမှာ အလိုလိုနေရင်း တကူးတကလေ့ကျင့်ခန်းလုပ်စရာမလိုဘဲ ချွေးတွေထွက်ကာ ကျန်းမာရေးရနေတော့သည် တမုံ့တကား။

××××



Would you take a wife,
consult your ears rather
than your eyes.

**German Proverb**

မိန်းမတစ်ယောက် ယူတော့မယ်ဆိုရင်
သင့်မျက်လုံးများထက်
သင့်ရဲ့နားများကို
အရင်တိုင်ပင်ပါ။

×××××

www.burmeseclassic.com



ဘယ်ကောင်မလေးမှ
လိုက်လို့မရလို့
ရည်းစားတောင်မရှိတဲ့ကောင်ကများ
မိန်းမယူတော့မယ်ဆိုရင် ဘာပြု
တယ်၊ ညာပြုတယ်နဲ့

"မင်းကိုကြည့်ပြီးတော့ ဟိုဂျာမန်စကားပုံကို သွားသတိရတယ်"

ခန့်ပိုင်ဦးက ကျွန်တော့်ကိုကြည့်ရင်း ဆိုသည်။

ရာဇာက...

"ဘာတဲ့လဲ"

ဟုအမေး မင်းသူရက

"မင်းမမေးလည်း သူက ဇွတ်ကြီးကို ရှင်းပြတော့မှာ၊ သူက ဒီလိုပြောချင်လွန်းလို့ စာအုပ်အစုံဖတ်ပြီး အလွတ်ကျက်ထားတာ"

ဟုဆိုရင်း ခန့်ပိုင်ဦးကို နှိပ်ကွပ်သည်။

အနှိပ်ကွပ်ခံနေကျမို့ ခန့်ပိုင်ဦးက မင်းသူရ၏စကားကို ဂရုမစိုက်။ ပြောလက်စစကားကို ဆက်သည်။





"မိန်းမတစ်ယောက်ကို ယူတော့မယ်ဆိုရင်တဲ့၊ သင့်ရဲ့မျက်လုံးများထက် သင့်ရဲ့နားများနဲ့ အရင်တိုင်ပင်ပါတဲ့၊ ငါတို့လည်း မိန်းမယူရင် မိန်းမဘက်မှာ အဖိုးကြီး၊ လူပျိုကြီး ဦးလေး အဒေါ်တွေ ရှိမရှိ အရင်နားစွင့်ရမယ်"

ခန့်ပိုင်ဦးရဲ့စကားအဆုံးမှာ ရာဇာက ခွီးခနဲရယ်သည်။

"ဘာရယ်တာလဲကွ"

ဟက်ဟက်ပက်ပက်ကြီးရယ်နေသော ရာဇာ့ကို ကျွန်တော် မေးဖြစ်သည်။

ရာဇာက ရယ်နေသောအရှိန်ကိုသတ်ရင်း

"ဒီတောင့်စကားကို သဘောကျလို့ပါ၊ ရယ်ချင်ရဲ့ ဖတ်ဖတ်မော ရင်ဘတ်နောက်ကကျော၊ ဘယ်ကောင်မလေးမှ လိုက်လို့မရလို့ ရည်းစားတောင်မရှိတဲ့ကောင်ကများ မိန်းမယူတော့မယ်ဆိုရင် ဘာပြုတယ်၊ ညာပြုတယ်နဲ့ ဘေးကလူတွေကြားရင် အဟုတ်ထင်နေဦးမယ်"

ပြောပြီး ရာဇာက ရယ်ပြန်သည်။ ရာဇာ့အဆိုကြောင့် ခန့်ပိုင် ဦးတစ်ကောင် နည်းနည်းတော့ ရှက်ကိုးရှက်ကန်းကြီး ဖြစ်ကာ သွားသည်။

"လူရှိန်တာပေါ့ကွာ"

ကျွန်တော့်စကားအဆုံးမှာ ရာဇာက

"အေး...မင်းကတော့ စင်ပေါ်ကလူဆိုတော့ ပြောနိုင်ပြီပေါ့"ဟု ရယ်ကျဲကျဲဖြင့်ဆိုသည်။

"ဒါနဲ့ မင်းအိမ်ပွဲစားနဲ့ ဘယ်အချိန်ချိန်းထားလဲ"

မင်းသူရက နာရီကိုပင့်ကာကြည့်ရင်း မေးသည်။

"အေး...ဟုတ်သားပဲ၊ ဆယ်နာရီချိန်းထားတာကွ၊ ကဲ ကဲ



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ဦးမယ်၊ ဒီနေ့တစ်ရက်တည်းနဲ့ အပြတ်ဖြတ်မှဖြစ်မယ်ကွ၊ ရှုံးဝိတ်တုန်းလေး"

ပြောပြောဆိုဆို ကျွန်တော် လက်ဖက်ရည်ဝိုင်းမှ ထရပ်ဖြစ်သည်။

"မင်းကလည်းကွာ အိမ်ရှာမယ်၊ အိမ်ရှာမယ်နဲ့ မင်းဦးလေးကို မင်းခွဲနိုင်လို့လား၊ ဒီလိုချစ်စရာကောင်းတဲ့ ဦးလေးမျိုးနဲ့ကြုံတုန်းလေး နေရသလောက်ကို နေပါဦးလားဟ"

"တော်ပါကွာ"

ခန့်ပိုင်ဦး၏ ရွှတ်နောက်နောက်အဆိုကို 'တော်ပါကွာ'ဟု အရယ်တစ်ဝက်ဖြင့် ကျွန်တော်ဆိုဖြစ်သည်။

"အိမ်ငှားပြီးတော့မှ မခွဲနိုင်ဘူးဆိုပြီး ပြန်လိုက်ခေါ်နေရမှာစိုးလို့ စေတနာနဲ့ အကြံပြုတာပါကွာ"

ခန့်ပိုင်ဦးက နောက်မှနေ အရယ်တစ်ဝက်ဖြင့် လိုက်၍အော်သည်။ ကျွန်တော် လက်ပြ၍ပြရင်း အိမ်ဘက်ကို ခြေသုတ်တင်ဖြစ်သည်။

ဇနီးဖြစ်သူနှင့် ဦးလေးတို့လင်မယား စောင့်နေလောက်ပြီမို့ ခပ်သွက်သွက်လျှောက်ရင်း 'ပွဲစားပြသော အိမ်ခန်းများအားလုံး ဦးလေးတို့လင်မယား အကြိုက်တွေ့ပါစေ'ဟု ဆုတောင်းဖြစ်သည်။

×××××





၁

မျက်နှာမျက်သွားသော
ကျွန်တော်တို့
လင်မယားကိုကြည့်တာ
ဦးလေး၏မိန်းမဖြစ်သူတာ

မိန်းမဖြစ်သူနှင့် ဦးလေးလင်မယားက အိမ်ရှေ့ရှိ လက်ဖက်ရည်ဆိုင်မှာ ရောက်နေကြပြီဖြစ်သည်။ ပွဲစားကိုတော့ မမြင်သေး။

"ပွဲစားမလာသေးဘူးလား"

ကျွန်တော့်အမေးကို ချစ်ဇနီးက ခေါင်းခါပြသည်။

"ဆယ်နာရီလို့ အသေအချာပြောလိုက်ရဲ့သားနဲ့"

နာရီကို ပင့်ကြည့်ရင်း ရေရွတ်သော ကျွန်တော့်ကို ဦးလေးက 'ဖြည်းဖြည်းပေါ့ ငါ့တူရယ်'ဟု လှမ်း၍ဆိုသည်မို့ မလုံမလဲဖြစ်သွားမိသည်။

"ကျွန်တော်တို့လင်မယားက ကိစ္စမရှိဘူး၊ ဦးလေးတို့က နေပူရင် တိုက်တွေပေါ် တက်ချည်ဆင်းချည်နဲ့ ပိုပင်ပန်းမှာစိုးလို့"

ခပ်တည်တည်ပင် ဖြေလိုက်သော ကျွန်တော့်စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်သူက 'သိတယ်နော်၊ သိတယ်'ဟူသောသဘောဖြင့် လှမ်းကြည့်သည်။

"ဖြည်းဖြည်းပဲ ငှားကြ၊ ရွေးကြတာပေါ့၊ ကိုကို့ကို ခင် ပြောပြထားပြီးသားနော် ကိုကို၊ ခင်က အရမ်းကျဉ်းတဲ့ အခန်းဆို မကြိုက်ဘူး၊ ဥပမာ- ကိုကို့တူမလေး အုန်းချစ်တို့အခန်းလိုပေါ့"

"အင့်"

ဦးလေးမိန်းမ၏စကားကြောင့် ကျွန်တော် 'အင့်'ခနဲ နင်သွားရသည်။ မိန်းမဖြစ်သူကို လှမ်းကြည့်တော့ သူ့ခမျာ ရယ်ရမလို ငိုရမလို ပုံစံဖြင့် မချိသွားဖြလုပ်ကာနေသည်။

"ဟို. . . သမီး တစ်မျိုးမထင်နဲ့နော်၊ အန်တီက စကားပြောသိပ်မတတ်လို့၊ အန်တီဆိုလိုချင်တာက အိပ်ခန်းကျဉ်းကျဉ်းလေးကို မကြိုက်တာကို ပြောချင်ဇောနဲ့ ပြောလိုက်တာ"

မျက်နှာပျက်သွားသော ကျွန်တော်တို့လင်မယားကို ကြည့်ကာ ဦးလေး၏မိန်းမဖြစ်သူက ဆိုသည်။ တစ်မျိုးမထင်နဲ့နော်ဟူသော စကားကို ကျွန်တော့်ဇနီးက 'ရပါတယ် အန်တီရဲ့'ဟု လေပြည်လေးနှင့် ဆိုသည်။ ပြီးနောက် ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။ သူ့မအကြည့်က အားနာသောအကြည့်။

ကျွန်တော်က မျက်လွှာကိုအသာချကာ မှိတ်ပြဖြစ်သည်။ 'ဘာမှမဖြစ်ပါဘူး'ဆိုသောသဘော။

ထိုအချိန်မှာပင် ပွဲစားက ပျာယီးပျာယာဖြင့် ရောက်ချလာသည်။ ပြီး ရောက်ရောက်ချင်း ဆိုင်မှစားပွဲထိုးကို လှမ်းခေါ်ကာ. . .

"စပါကလင် တစ်လုံးပေး"

ဟု ဆိုသည်။



"Sorry နော် အန်တီ၊ နည်းနည်းလေး နောက်ကျသွားတယ်၊ နောက်ကျဆို သန့်တဲ့အခန်းတွေပဲပြချင်တာနဲ့၊ သေသေချာချာလေး စီစဉ်နေရလို့ သားရဲ့"

ပွဲစားအန်တီက သူမလွယ်လာသော စလင်းဘက်အိတ်ထဲမှ ယပ်တောင်ကိုထုတ်ကာ တဖျပ်ဖျပ်ခတ်ရင်း ကျွန်တော့်ကို စကားဆိုသည်။

"အစ်မရယ် ညီမတို့ကလေ အခန်းကို သန့်သန့်လေးလည်း လိုချင်တယ်၊ ပြီးတော့ အထပ်မြင့်မြင့်လည်း မလိုချင်ဘူး သိလား"

ဦးလေး၏မိန်းမက သူမထက်အသက် လေးငါးနှစ်ခန့်ငယ်ပုံရသော ပွဲစားအန်တီကို အစ်မဟုခေါ်ကာ သူ့ကိုယ်သူ 'ညီမ'ဟု သုံးလိုက်သဖြင့် ပွဲစားအန်တီကြီးက အအေးသောက်နေရာမှ 'ဖွီး'ခနဲ သီးကာသွားသည်။ ပျက်ယွင်းသွားသောမျက်နှာကို ပွဲစားပီပီ တည်ခနဲဖြစ်အောင်ထိန်းရင်း အကယ်ဒမီ မင်းသမီးကြီးတစ်ယောက် လို ဟန်ပန်ဖြင့် ဘာမှမဖြစ်သလို ပီပီပြင်ပြင်ကြီး ပြုံးသည်။

ပြီး. . .

"စိတ်ချပါ အစ်မကြီးရယ်၊ ညီမကလေ ပွဲစားသာလုပ်နေတာ အထပ်မြင့်ကြီးတွေ မတက်နိုင်၊ လိုက်မပြနိုင်လို့ အထပ်မြင့်အခန်းတွေကို မကိုင်ဘူး၊ အစ်မကြီးတို့ ကြည့်ချင်တယ်ဆိုရင်တောင် ညီမမှာပြစရာမရှိဘူး၊ အဟင်း ဟင်း"

ဟု ဆိုသည်။

'အစ်မကြီး'ဟု တမင်အခေါ်ခံလိုက်ရသည်မို့ ဦးလေး၏ဇနီးမှာ မျက်နှာကြီး ရှုံ့မဲ့ကာသွားသည်။ တစ်ယောက်ထက်တစ်ယောက် ငယ်ချင်နေကြသော အန်တီတို့နှစ်ယောက်ကိုကြည့်ရင်းက ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မသိမသာ မျက်ခုံးပင့်ပြကြရင်း မရယ်ဖြစ်အောင် စိတ်ထိန်းနေရသည်။

"ဒါနဲ့ အခန်းက သားတို့အတွက်လား၊ ဒီအစ်မကြီးတို့ အတွက်လား"

"ဒီအစ်မကြီး၊ အဲလေ ဒီအန်တီတို့လင်မယားအတွက်ပါ အန်တီ"

အရေးထဲ စကားမှားနေသော ကျွန်တော့်ကို ဇနီးဖြစ်သူက မသိမသာမျက်လုံးပြူးပြသည်။

ဦးလေး၏ဇနီးကတော့ ကျွန်တော့်ကို မျက်စောင်းဖြင့် စွေခနဲ ကြည့်သည်။ ပွဲစားအန်တီက အားပါးတရပြုံးသည်၊ ထို့နောက်

"ဟုတ်ပြီ. . . ဟုတ်ပြီ၊ အသက်ကြီးတဲ့ လင်မယားတွေ အတွက်ဆိုရင်တော့ မြေညီထပ်က အဆင်အပြေဆုံးပဲ၊ တက်စရာ ဆင်းစရာမလိုဘူး၊ ဒါရိုက်ဆိုတော့ အားအပိုမကုန်တော့ဘူးပေါ့ အဟင်း ဟင်း"

ငှက်ဖျားတက်သလို အဟင်းဟင်းရယ်ရင်း ခနဲ့တဲ့တဲ့ဆိုသော ပွဲစားအန်တီ၏စကားကြောင့် ဦးလေးတို့လင်မယားနှစ်ယောက် မျက်နှာထားတွေ တင်းသွားကြသည်။

"ကျွန်တော်တို့က အခု ခုနစ်လွှာမှာနေတာလေ၊ အသက် ကြီးပေမဲ့ မပျက်စီးသေးဘူးလို့ ပြောရမလားပဲ၊ တစ်နေ့တစ်နေ့ တက် လိုက်ဆင်းလိုက်နဲ့ မောရမှန်းတောင်မသိဘူး၊ အခု အထပ်နိမ့်ကို လိုချင်တာက အိမ်လာလည်တဲ့ ဧည့်သည်တွေကို အားနာလို့ဗျ"

တစ်ချိန်လုံး ထိုင်ကာနားထောင်နေသော ဦးလေးက





ခပ်တည်တည်ဖြင့် ရှီးလုံးထုတ်သည်။

"မြေညီထပ်ကတော့ မကြိုက်ပါဘူး၊ နော် ကိုကို၊ ခင်တို့က ဆိုင်ဖွင့်မဲ့လူတွေမှမဟုတ်တာ၊ ပထမထပ်၊ ဒုတိယထပ်လောက်ထဲကပဲ လိုချင်တယ်"

ဦးလေး၏ဇနီးသည်က ဦးလေး၏လက်မောင်းကို ကိုင်လှုပ်ကာဆိုရင်း ကလေးတစ်ယောက် ပူဆာသလို ပူဆာသည်။

ဦးလေးက ပြူးတီပြူးကြောင်ကြည့်နေသော ကျွန်တော်တို့ကို ရှက်ကိုးရှက်ကန်းဟန်ဖြင့် တစ်ချက်ဝေ့ကြည့်ပြီး သူ့ဇနီးကို

"အေးပါ. . . ခင်ကြိုက်တဲ့အခန်းကို ခင်ပဲရွေး"

ဟု မျက်နှာခပ်နီနီဖြင့်ဆိုသည်။

"စိတ်ချ၊ ကျွန်မလက်ထဲမှာ အခန်းရှစ်ခန်းကိုင်ထားတယ်၊ မြေညီထပ်နှစ်ခန်းကို ဖယ်လိုက်ရင် အခန်းခြောက်ခန်း ကျန်တယ်၊ ခြောက်ခန်းစလုံးက ပထမထပ်တို့ ဒုတိယထပ်တို့ချည်းပဲ၊ ကြိုက်မှာပါ ကဲ ကဲ နေသိပ်မပူခင် သွားကြည့်ကြရအောင်လေ"

ပြောပြောဆိုဆိုပင် ပွဲစားအန်တီက သူမ၏ဘေးလွယ်အိတ်ကိုလွယ်ရင်း ထရပ်သည်။

ဦးလေးတို့လင်မယားသည်လည်း တစ်ယောက်လက် တစ်ယောက်တွဲကာ ထရပ်သည်မို့ စားပွဲထိုးကိုခေါ်ကာ ငွေအမြန်ရှင်း ဖြစ်သည်။

ပွဲစားအန်တီကြီးက

"အနီးဆုံးအခန်းကို အရင်လိုက်ပြမယ်၊ လာ"ဟုဆိုရင်း ရှေ့မှနေ ခပ်သုတ်သုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီး၏ နောက်မှာမှ ဦးလေးတို့လင်မယား၊ နောက်ဆုံးမှာမှ ကျွန်တော်တို့လင်မယားက ခပ်သုတ်သုတ်သွားနေသော ရှေ့မှလူများကို မှီရန် ခပ်ကုပ်ကုပ်ဖြင့် လိုက်ကြသည်။

×××××



# ၆

ပထမဆုံး ဆုံဖူးသော
ကျွန်တော့်ကို
လူရင်းတွေမို့လို့ဟု
ဆိုလိုက်သည်မို့
နည်းနည်းတော့
ရယ်ချင်သွားရသည်

ပွဲစားအန်တီကြီး ပထမဆုံးပြသောအခန်းက အတော်အသင့်ကျယ်ဝန်းကာ အခန်းကန့်ပြီးသားမို့ သပ်သပ်ရပ်ရပ်ကလေးဖြစ်သည်။

သို့သော် ဦးလေး၏ဇနီးက နှာခေါင်းရှုံ့သည်။

"ရေချိုးခန်း၊ အိမ်သာကို ကြွေပြားလေးတောင် ကပ်မထားဘူးနော်၊ ဝရန်တာကလည်း ကျဉ်းလိုက်တာ"

"ဩော်. . . အစ်မကြီးရယ် အိမ်ဆောက်တဲ့လူက အခန်းကိုကျယ်အောင် ဝရန်တာကို တမင်ခိုးထားတာလေ၊ ရေချိုးခန်းတကြွေပြားမကပ်ထားပေမဲ့ သပ်သပ်ရပ်ရပ်ရှိပြီးသားပဲ၊ ဒီအခန်းကသန့်လို့ အစ်မကြီးတို့လို အသန့်အပြန့်ကြိုက်တဲ့လူတွေကိုပဲ ကျွန်မတပြ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ တော်တန်ရုံဆို ပြတာမဟုတ်ဘူး၊ ဒီအခန်းမျိုးက ပြလိုက်တာနဲ့ ချက်ချင်းကြိုက်ကြမဲ့အခန်းမျိုးမို့လို့ လျှိုထားတာ၊ ဒီကသားငယ်တို့နဲ့က လူရင်းတွေမို့လို့"

ပွဲစားအန်တီကြီးက လက်ဟန်ခြေဟန်ဖြင့်ဆိုသည်။ ပထမဆုံး ဆုံဖူးသော ကျွန်တော့်ကို လူရင်းတွေမို့လို့ဟု ဆိုလိုက်သည်မို့ နည်းနည်းတော့ ရယ်ချင်သွားရသည်။

ပွဲစားက ဘယ်လောက်ပင် အခန်းကို အမွှန်းတင်တင် ဦးလေး၏ဇနီးဖြစ်သူကတော့ နှာခေါင်းရှုံ့ကာ ခေါင်းကို ခါမြဲခါသည်။

"ဒီအခန်းကို မကြိုက်သေးဘူးအစ်မရယ်၊ နောက်တစ်ခန်းကို သွားကြည့်ရအောင်လေ"

အစ်မဟု အခေါ်ခံရသော ပွဲစားအန်တီကြီးက မချိုပြုံးပြုံးသည်။ ပြီး ဦးလေး၏ဇနီးဖြစ်သူကိုကြည့်ကာ. . .

"ရပါတယ် အစ်မကြီးရဲ့၊ အစ်မကြီးမကြိုက်ရင် နောက်အခန်းတွေ ညီမလိုက်ပြမယ်၊ ညီမပြတဲ့အခန်းတွေကိုမှ မကြိုက်သေးရင် တခြားပွဲစားတွေ၊ သူငယ်ချင်းတွေ ကိုင်ထားတဲ့အခန်းတွေ လိုက်ပြပေးခိုင်းမယ်၊ ဘာမှမပူနဲ့သိလား"

ဟု အိုဗာဖြစ်နေသော စတိုင်ဖြင့်ဆိုသည်။ အစ်မကြီးအခေါ်ခံရသော ဦးလေး၏မိန်းမက အီလည်လည်မျက်နှာကြီးနှင့်ပင်

"ဒါဖြင့်လည်း သွားကြမယ်လေ"

ဟုဆိုရင်း ရှေ့ဆုံးမှနေ ဆတ်တောက်ဆတ်တောက်ဖြင့် အခန်းထဲမှ ထွက်ကာသွားသည်။





ကျွန်တော်နှင့် ကျွန်တော့်ဇနီးကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မသိမသာ ပြုံးဖြစ်ကြသည်။

××××



www.burmeseclassic.com

www.burmeseclassic.com



၆

ပထမဆုံးပြသောအခန်းကို
ဒုတိယအခန်းတိုမှ
တတိယအခန်းကိုကျ
စတုတ္ထအခန်းတို
ပဉ္စမအခန်းတိုမူ

ပထမဆုံးပြသောအခန်းကို ရေချိုးခန်း ကြွေပြားမကပ်ထား၍၊ ဝရန်ဘာကျဉ်း၍ မကြိုက်ဟု ဦးလေး၏ဇနီးက ငြင်းသည်။

ဒုတိယအခန်းကိုမူ Hall Type ဖြစ်နေပြီး အခန်းကန့်မထားသောကြောင့် မကြိုက်ဟုဆိုပြန်သည်။

တတိယအခန်းကိုကျ တိုက်သစ်မဟုတ်ဘဲ တိုက်အဟောင်းဖြစ်ကာ နောက်ဖေးမှာ အရေးပေါ်လှေကားမပါသဖြင့် savc မဖြစ်မလုံခြုံဟုဆိုကာ ငြင်းပြန်သည်။

စတုတ္ထအခန်းကိုကျ ကိုယ်ပိုင်မော်တာ၊ ကိုယ်ပိုင်မီတာမဟုတ်သဖြင့် မကြိုက်ဟုဆိုသည်။

ပဉ္စမအခန်းကိုမူ ကြမ်းခင်းက လျှာထိုးမပါသည်မို့ မကြိုက်ဟု ငြင်းပြန်သည်။





တစ်တိုက်ဆင်းတစ်တိုက်တက် စိတ်ရှည်ချင်ယောင်ဆောင်ကာ လိုက်ပြနေသော ပွဲစားအန်တီကြီးလည်း ဆက်၍သည်းမခံနိုင်တော့ဟန်ဖြင့် နှုတ်ခမ်းကိုကိုက်သည်။

"ဒီမယ် အစ်မကြီး၊ တော်တို့က မြေညီထပ်မကြိုက်ဘူးဆိုလို့ မြေညီအခန်းနှစ်ခန်းက ကျွန်မ မပြဖြစ်ဘူး၊ ကျွန်မလက်ထဲမှာ ကိုင်ထားတဲ့ ရှစ်ခန်းထဲမှာ ပြစရာဆိုလို့ တစ်ခန်းပဲရှိတော့တယ်၊ အဲဒီအခန်းက သေချာပေါက် အစ်မကြိုက်မဲ့အခန်းပဲ၊ ရေချိုးခန်း၊ အိမ်သာ ကြွေပြားကပ်ပြီးသား၊ ဝရန်တာလည်း တော်တော်ကြီးကျယ်တယ်၊ တိုက်ကလည်း လုံးဝလူမနေရသေးတဲ့ တိုက်အသစ်စက်စက်၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာနဲ့ ကြမ်းကလည်း လျှာထိုးခင်းရုံမကဘူး ပြောင်လက်နေအောင် သန့်ရှင်းထားပြီးသား၊ တစ်ခုပဲရှိတယ် အဲဒီအခန်းက ဈေးတော့ကြီးတယ်၊ တစ်လကို တစ်သိန်းခွဲပေးရလိမ့်မယ်၊ ဈေးက ကိစ္စမရှိဘူးဆိုရင် ကျွန်မလိုက်ပြမယ်၊ ဈေးကိုမကြိုက်ရင် အဲဒီအခန်းကို ကြည့်မနေနဲ့တော့၊ ကျွန်မရော အစ်မကြီးတို့ပါ အလကား အချိန်ကုန်လူပန်းတယ်၊ အစ်မကြီးတို့က အားချင်အားလိမ့်မယ်၊ ကျွန်မတို့က ပွဲစားဆိုတော့ အချိန်ရှိသ၍ အလုပ်လုပ်နေရတာ"

ပွဲစားမကြီးက စကားကို ရှည်လျားစွာပြောရင်း တစ်ဖက်လှည့်ကာ ပွစိပွစိလုပ်သည်။ အပြောခံရသော ဦးလေးဇနီးကလည်း ခေသူတော့ မဟုတ်။

"ဒီကအစ်မ မအားသလို ကျွန်မတို့ကလည်း မအားဘူး အစ်မရေ၊ ကဲ ကဲ အဲဒီအခန်းကို သွားကြည့်ကြတာပေါ့၊ အခန်းရဲ့ ဈေးက ကိစ္စမရှိပါဘူး၊ အခန်းသန့်ဖို့ပဲ အရေးကြီးတယ်၊ အခန်းကို ကြိုက်လို့ကတော့ အခန်းရှင်က ရောင်းချင်သပဆိုရင် တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



ငွေချေပြီး ဝယ်ပစ်လိုက်ဦးမယ်၊ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ပေါ့”

ခေါင်းကိုမော့ကာဆိုသော ဦးလေးဇနီး၏စကားအဆုံးမှာ ပွဲစားအစ်မကြီးက မသိမသာ မျက်နှာကိုမဲ့သည်။

လေတစ်ပြားမှ မလျှော့သော ဦးလေး၏ဇနီးက ဟန်တစ်လုံး ပန်တစ်လုံးနှင့် ဦးလေး၏လက်မောင်းကို လှမ်းကိုင်လိုက်ရင်း. . .

“ကိုကို့ကို အဲဒါကြောင့်ပြောတာပေါ့၊ တိုက်ခန်းအသစ်ကလေးတစ်ခန်းဝယ်ပြီး စိတ်ကြိုက်ပြင်ပြီးတော့ နေရအောင်ဆိုတဲ့ဥစ္စာ လုံးချင်းဝယ်နိုင်မှ အိမ်ဝယ်မယ်လုပ်နေတာကိုး”

ဟု ဆိုသည်။

တမင်ကြွားလုံးထုတ်နေမှန်းသိသည်မို့ ကျွန်တော်တို့လင်မယားကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးဖြစ်ကြသည်။ ပွဲစားအန်တီကတော့ မျက်နှာကို အသားကုန်မဲ့ကာ မကြားယောင်ပြုရင်း ရှေ့မှဦးဆောင်ကာ လမ်းကိုလျှောက်ရင်း ပွစိပွစိလုပ်လေသည်။

××××



အခန်းရပြီဟု တွေးရင်း
ဝမ်းသာလုံးတွေဆို့နေသော
ကျွန်တော့်အဖို့တော့ ထိပေါက်
ပြီးတာမှ ထိလတ်မှတ်
ကြွက်တိုက်ခံလိုက်ရသလို

ပွဲစားအန်တီ ပြသောယခုအခန်းမှာ အတော်လေးကျယ်ဝန်းပြီး အသေအချာပြင်ဆင်ထားသော အခန်းဖြစ်သည်။ ရေချိုးခန်းရော၊ မီးဖိုပါ ကြွေပြားများကပ်ကာထားသည်။ ဘိုထိုင်အိမ်သာအပြင် ရေချိုးဇလုံပါ ပါသည်မို့ ဟိုတယ်အခန်းနှင့်ပင် တူနေသေးတော့။ ဝရန်တာကလည်းကျယ်၊ ရေနှင့်မီးကလည်း ကိုယ်ပိုင်မော်တာ ကိုယ်ပိုင်မီတာ ဖြစ်သည်။

ကြမ်းခင်းလျှာထိုးများကလည်း ဖိတ်ဖိတ်တောက်ကာနေသည်မို့ နင်းရမှာပင် အားနာစရာဖြစ်ကာနေသည်။ အခန်းအနေအထားနှင့် အခန်းငှားခမှာ အတော်လေး သင့်တင့်ကာနေသည်။

ဦးလေး၏ဇနီးကတော့ အခန်းကို သဘောအကျကြီးကျနေ

www.burmeseclassic.com

www.burmeseclassic.com



ဟန်တူသည်။ ကြိုက်သွားပြီဟု ရေရွတ်ရင်း ဦးလေး၏လက်မောင်းကို ဆွဲကာ

"ခင်ကတော့ ကြိုက်တယ်၊ ကိုကိုရော ကြိုက်လား"

အသက်ကြီးကာမှ အိမ်ထောင်ပြုပြီး အချစ်တွေကဲနေသော ဦးလေးလင်မယားကိုကြည့်ကာ ပွဲစားအန်တီကြီးက မသိမသာ နှာခေါင်းရှုံ့သည်။

ထိုစဉ်မှာပင် ပွဲစားအန်တီ၏ ဘေးလွယ်အိတ်ထဲမှ ဖုန်းက မြည်လာသည်။

"ဟဲလို. . .သြော် မမနှင်း၊ အသက်ရှည်ဦးမယ်၊ အခုပဲ မမနှင်းရဲ့အခန်းကို ရောက်နေတာ၊ ရှင် ဘယ်လို သမီးအကြီး တစ်ယောက် အိမ်ထောင်ကျသွားလို့ ဒီအခန်းကို လက်ဖွဲ့မှာဟုတ် လား"

ကြားရသောစကားကြောင့် ဦးလေးလင်မယားရော ကျွန်တော်တို့လင်မယားပါ စိတ်လေသွားကြသည်။ ပွဲစားအန်တီ၏ မျက်နှာလည်း ငိုရွက်သာသာပဲရှိတော့သည်။

"ဒါဖြင့် မငှားတော့ဘူးပေါ့၊ ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ဒီလို မထင်မှတ်ဘဲ ဖြစ်သွားတော့လည်း ဘယ်တတ်နိုင်မလဲ၊ ကဲ ကဲ နောက်မှ ဆုံကြတာပေါ့ မမနှင်းရယ်၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါပဲနော်"

ပွဲစားအန်တီက ဖုန်းကို ဘေးလွယ်အိတ်ထဲ စိတ်မသက် မသာဖြင့် ပြန်ထည့်ရင်း သက်ပြင်းကို ဟင်းခနဲချသည်။ ပြီး 'ကြားတဲ့ အတိုင်းပဲရှင်'ဟု စိတ်ပျက်လက်ပျက် ရေရွတ်သည်။ အခန်းရပြီဟု တွေးရင်း ဝမ်းသာလုံးတွေဆို့နေသော ကျွန်တော့်အဖို့တော့ ထိုပေါက်





ပြီးကာမှ ထိလက်မှတ် ကြွက်ကိုက်ခံလိုက်ရသလို ရင်ထဲမှာ ကျလိ ကျလိဖြင့်. . .

××××



www.burmeseclassic.com

# ၁

မင်းကျမှပဲ မိန်းမယူပြီးကာစကို
စိတ်ညစ်နေတယ်၊
ငါတို့ကြားဖူးတာက
တစ်လလျှော်ချင်ရင် မိန်းမယူဆို၊
မိန်းမယူပြီးကာစ
တစ်လလုံးလုံးကတော့
ပျော်စရာတွေချည်း၊
ပြည့်နေရမှာမဟုတ်ဘူး လား

နောက်ဆုံးတော့ အခန်းမရသေးသည်မို့ ဦးလေးလင်မယားက ကျွန်တော်တို့ လင်မယားအခန်းမှာပင် ဆက်၍သောင်တင်သည်။

ကျွန်တော်တို့လင်မယားက အိမ်ရှေ့ခန်းမှာပင် ဖြစ်သလို အိပ်စက်ရပြီး ဦးလေးလင်မယားကတော့ ကျွန်တော်တို့ တစ်စက်ကလေးမှ မအိပ်ရသေးသော မွေ့ရာမှာ ဆက်လက်နေရာယူကြသည်။

ချက်ပြုတ်ကျွေးလိုက်၊ အိမ်ခန်းရှာပေးလိုက်ဖြင့် အချိန်က တစ်လကျော်လာသည့်တိုင် အခြေအနေက ထူးခြားမလာခဲ့။ ကျွန်တော်၏ မိဘဆွေမျိုးများသည်လည်းကောင်း ဇနီးဖြစ်သူ၏ မိဘဆွေမျိုးများသည်လည်းကောင်း ဦးလေးလင်မယား ကျွန်တော်တို့ အိမ်ရောက်နေသည်ကို မသိကြ။ မသိဆို ဦးလေးကလည်း အသိမပေးရန် တားမြစ်ထားခဲ့သည်ကိုး။





အကြောင်းစုံကိုသိသော သူငယ်ချင်းများကတော့ ကျွန်တော့်ကိုမြင်တိုင်း ဝိုင်းဝိုင်း၍ နှိပ်ကွပ်ကာစကြသည်။

"ငါ့ကောင်ကြီးကြည့်ရတာ မိန်းမရပြီးမှ ကိုယ်ရေစစ်သွားသလိုပဲ၊ ဘာလဲ ဝိတ်ချထားတာလား"

"ဘယ်ကလာ ဝိတ်ချရမှာတုန်း၊ မင်္ဂလာဦးညကတည်းက အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရနဲ့ အခုထိကို နားနားနေနေ မနေရသေးဘူး၊ ကြာရင် ဒေါင်းသွားမှာတောင်စိုးရတယ်"

စိတ်လေလေဖြင့် ဆိုသော ကျွန်တော့်စကားအဆုံးမှာ ရာဇာက

"မင်္ဂလာဦးညကတည်းက အိပ်ကောင်းခြင်းလည်းမအိပ်ရ၊ နားနားနေနေလည်း မနေရဘူးဟုတ်လား၊ ဘယ်နားလို့ရပ့်မလဲကွာ အဟိ"

ဟု ပြောင်ချော်ချော်ဖြင့် ဆိုသည်။

"လာပြီးရိမနေပါနဲ့ ရာဇာရာ၊ ဒီမှာ စိတ်ညစ်လွန်းလို့"

ကျွန်တော် ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း ဆိုဖြစ်သည်။

"မင်းကျမှပဲ မိန်းမယူပြီးကာစကို စိတ်ညစ်နေတယ်၊ ငါတို့ကြားဖူးတာက တစ်လပျော်ချင်ရင် မိန်းမယူဆို၊ မိန်းမယူပြီးကာစ တစ်လလုံးလုံးကတော့ ပျော်စရာတွေချည်း ပြည့်နေရမှာမဟုတ်ဘူးလားကွ၊ ငါ့ကောင်ရ"

မင်းသူရက ခွီးခနဲရယ်ရင်း ဆိုသောစကားကြောင့် ကျွန်တော် မချိပြုံးပြုံးဖြစ်သည်။

"အေး. . . အဲဒီစကားပုံက မမှားဘူး၊ ဒါပေမဲ့ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ အချိန်အခါဆိုတာက ရှိသေးတယ်ကွ၊ ငါ့အတွက်ကတော့ အဲဒီ စကားပုံမှန်ချင်ရင် နောက်ကနေ ကွင်းစကွင်းပိတ်နဲ့ စာသားတချို့ ထပ်ဖြည့်မှဖြစ်မယ်"

"အင်း. . . လုပ်ပါဦး"

ခန့်ပိုင်ဦးက ကျွန်တော့်စကားကို လုပ်ပါဦးဟု ထောက်ပေးသည်။

"တစ်လပျော်ချင်ရင် မိန်းမယူ၊ နောက်မှာ ကွင်းစကွင်းပိတ်နဲ့ မိန်းမနောက်မှာ ဘယ်အမျိုးမှ ပါမလာစေနဲ့လို့ ဖြည့်ရမယ်"

ကျွန်တော့်စကားအဆုံးမှာ ရာဇာက မပြည့်စုံသေးဘူး ငါ့ကောင်ဟု ပြုံးစိစိဖြင့်ဆိုသည်။

"ဘာကို မပြည့်စုံသေးတာတုန်း"

ခန့်ပိုင်ဦးက မျက်ခုံးပင့်ရင်းမေးသည်။ ရာဇာက

"ခြွင်းချက်လေးတော့ ထည့်ရမယ်မဟုတ်လား၊ ဘယ်အမျိုးမှ ပါမလာစေနဲ့ဆိုပြီးတော့ နောက်က ခြွင်းချက် ယင်းကန့်သတ်ချက်တွင် ခယ်မများမပါဆိုပြီးတော့"ဟု ဆိုသည်။

"မထူးတော့ဘူး၊ ဖြည့်မဲ့ဖြည့်ရင် ပိုပြည့်စုံအောင် ဖြည့်လိုက်တော့၊ ခယ်မတော့ပါပါရဲ့ ပုံမပီတာကြီးဖြစ်နေရင် ဒုက္ခပဲ၊ ဒီတော့ အလုပ်လျှောက်လွှာခေါ်သလိုမျိုး ရင်းခယ်မသည်

၁။ အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။

၂။ အသက်နှစ်ဆယ်ထက် မကြီးသူဖြစ်ရမည်။

၃။ ရုပ်ရည်ပြေပြစ်၍ သွက်လက်ထက်မြက်ရမည်။

၄။ လိုအပ်ပါက နယ်ဆင်းနိုင်ရမည်၊ ဒေသမရွေး၊ အချိန်နေရာမရွေး။

၅။ အချက်အပြုတ်၊ အလျှော်အဖွပ် အထူးကျွမ်းကျင်ရမည် ဆိုတာတွေပါ ဆက်ဖြည့်လိုက်တော့"

ပြောပြီး မင်းသူရက သဘောတကျဖြင့် တခွီးခွီးရယ်သည်။

"နေပါဦး လိုအပ်ပါက နယ်ဆင်းနိုင်ရမည်၊ ဒေသမရွေး၊ အချိန်နေရာမရွေးဆိုတာက ဘာလဲကွ"

ခန့်ပိုင်ဦးက ပြုံးစိစိဖြင့် အမေးရှိသည်။

"ဘာရယ်ညာရယ်မဟုတ်ပါဘူးကွာ၊ လူရှိန်အောင်ပေါ့"

ပြောရင်း မင်းသူရက ရယ်သည်။ ဘာရယ်မဟုတ် ကျွန်တော်လိုက်ရယ်ဖြစ်သည်။ 'သြော်. . . မရယ်ဖြစ်တာတောင် ကြာပေါ့'ဟု ရယ်ရင်းက တွေးဖြစ်သည်။ ဘယ်တုန်းကစ မရယ်ဖြစ်တာလဲဟု ဆက်တွေးမိသောအခါ အဖြေက 'မင်္ဂလာဦးညကတည်းက'ဟု အဖြေထွက်သည်။

×××××

www.burmeseclassic.com



## ၆

ကိုယ့်တူမကိုလည်း
စောင့်ရှောက်ပြီးသားဖြစ်တာပေါ့၊ တူမ
ရဲ့ယောကျ်ားလည်း ကိုယ်ရှိနေတော့
တူမလေးကို အနိုင်ကျင့်ရဲမှာ မဟုတ်ဘူး၊
ဒီကောင့်ကိုကြည့်ရတာ ကိုယ့်တူမကို

အိမ်ပြန်ရောက်သောအခါ အခန်းထဲသို့ မဝင်ဘဲ အပြင်မှာရပ်နေသော ဇနီးဖြစ်သူ အုန်းချစ်ကို တွေ့ရသည်။

"မိန်းမ ဘာဖြစ်လို့ အထဲမဝင်ဘဲ အပြင်မှာရပ်နေတာတုန်း"

"ရှူး"

မိန်းမဖြစ်သူက တိတ်တိတ်နေဟူသောသဘောဖြင့် ရှူးဟုဆိုသည်၊ ပြီး လက်မဖြင့် အိမ်ထဲကို ထိုးပြရင်း လက်ခါပြသည်။

သဘောက အခြေအနေမကောင်းဆိုသည့် သဘော။ ထို့ကြောင့် ကျွန်တော်သည်လည်း ဘုမသိဘမသိဖြင့် မိန်းမဘေးမှာ အသာဝင်ရပ်ကာ အိမ်ခန်းထဲသို့ နားစွင့်ဖြစ်သည်။ ကြားရသည်က ဦးလေးမိန်းမ၏အသံ၊

"ကျွန်မအသက်အရွယ်နဲ့ မင်္ဂလာဆောင်ဖို့ မသင့်တော်ဘူး





ဆိုတာ သိပါတယ်၊ ဒါပေမဲ့ မင်္ဂလာဆွမ်းကျွေးလောက်တော့ လုပ်သင့်တယ်မဟုတ်လားလို့"

"ခင်ကလည်းကွာ အပေါင်းအသင်းတွေကြားထဲမှာ ဒီအရွယ်ကျမှ ဝတ်သက်ပေါက်တယ်ဆိုပြီး ပြောစရာဖြစ်နေပါဦးမယ်၊ ဒီအတိုင်းလေးပဲ ကောင်းပါတယ်၊ ဘာဖြစ်လဲ ခပ်တည်တည်ပေါ့၊ ရုံးမှာတက်ပြီး လက်မှတ်ထိုးထားပြီးပြီပဲ၊ ဒီလောက်ဆို လုံလောက်ပါပြီကွာ"

လေပြေဖြင့်ဆိုသော ဦးလေး၏စကား။

"ပြီးတော့ ကိုကို့တူမအိမ်မှာ ကပ်နေရတာ အားနာလှပြီ"

"အာ. . . ကိစ္စမရှိပါဘူး၊ ကိုကိုတို့ရှိတော့ သူတို့အိမ်မှာ ဟော လူကြီးသူမလည်းရှိ၊ အိမ်စောင့်လည်းရနဲ့ ပိုတောင်ကောင်းသေး"

ကြားရသောစကားကြောင့် ကျွန်တော့်မျက်နှာကြီး ရှုံ့မဲ့သွားသည်ကိုကြည့်ရင်း ဇနီးဖြစ်သူက လက်ဝါးဖြင့် အုပ်ကာ အသံမထွက်အောင်ရယ်သည်။

"ကိုယ့်တူမကိုလည်း စောင့်ရှောက်ပြီးသားဖြစ်တာပေါ့၊ တူမရဲ့ယောကျ်ားလည်း ကိုယ်ရှိနေတော့ တူမလေးကို အနိုင်ကျင့်ရဲမှာမဟုတ်ဘူး၊ ဒီကောင့်ကိုကြည့်ရတာ ကိုယ့်တူမကို နိုင်မဲ့ပုံပေါက်နေတယ်၊ မထင်ရင်မထင်သလို သောင်းကျန်းမဲ့ရုပ်"

ကြားရသောစကားကြောင့် ကျွန်တော် နင်ခနဲဖြစ်သွားရသည်။ မိန်းမဖြစ်သူကတော့ စောစောကလို လက်ကလေးအုပ်ရင်း အသံထွက်အောင်ရယ်သည်။

"လျှောက်ပြောမနေနဲ့၊ ရှင့်တူမတသာ ယောကျ်ားကိုနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်မျိုး၊ သူ့ဦးလေးလို ဂဂျိဂဂျောင်ကျမဲ့ရုပ်မျိုး"

ဦးလေး၏မိန်းမစကားကြောင့် ကျွန်တော့်ဇနီးဖြစ်သူမှာ နှုတ်ခမ်းကိုကိုက်ရင်း အခန်းထဲမှ ဦးလေး၏မိန်းမကို ရည်မှန်းကာ မျက်စောင်းထိုးသည်။ ပြီး ပွစိပွစိရေရွတ်သည်။

"ဘာ. . . သူ့ဦးလေးလို ဂဂျိဂဂျောင်ကျမဲ့ရုပ်မျိုးလဲ၊ ကဲ ပြောပြီးကွာ ပြောဦး"

ပြောဦးကွာ၊ ပြောဦးကွာဟုဆိုကာ မည်သို့ပြုလုပ်လိုက်သည် မသိ ဦးလေးမိန်းမ၏အော်သံက စူးခနဲထွက်လာသည်မို့ ကျွန်တော်တို့လင်မယားနှစ်ယောက်ပင် လန့်ဖျန့်သွားရသည်။

"ကျွန်မယားတတ်လို့ ကလိမထိုးပါနဲ့ဆိုနေမှ"

ခါတ်ရှင်မင်းသမီးပင် အရှုံးပေးရမည့် ချွဲသံကြောင့် ကျွန်တော့်မိန်းမက အခန်းထဲသို့ မျက်စောင်းလှမ်းထိုးပြန်သည်။

ကျွန်တော်ကတော့ ဘာရယ်မဟုတ် တစ်တောင်ခန့်ရှိသည့် မွေ့ရာအသစ်ကြီးပေါ်မှာ ကလိထိုးနေမည့် ဦးလေးကိုရော၊ ယားတတ်သည်ဟုဆိုသော ဦးလေး၏မိန်းမကိုပါ တွဲ၍မြင်ယောင်ရင်း ဘာကြောင့်မှန်းမသိ စိတ်တိုလာမိသည်။ ဘယ့်နှယ် အိမ်ရှာဖို့၊ အိမ်ပြောင်းဖို့ကိုတော့ဖြင့် မလုပ်ဘဲ အလကားနေရင်း အချိန်တွေ လျှောက်ဖြုန်းနေကြသည်ကိုး။

"ကဲ. . . ကဲ ကလေးတွေရုံးဆင်းလာတော့မယ်၊ ခင် ဘာစားချင်လဲပြော၊ တူမလေးတို့လင်မယားရောက်လာရင် သွားဝယ်ခိုင်းရအောင်"

ထွက်လာသော ဦးလေးဖြစ်သူ၏စကားကြောင့် ကျွန်တော့်ကို မိန်းမဖြစ်သူက အားနာဟန်ဖြင့် ကြည့်သည်။ ကျွန်တော်က ဘာမှ





မဖြစ်ပါဘူးဟူသော သဘောဖြင့် မိန်းမ၏ လက်ဖဝါးကို ဖိညှစ်ရင်း ဆုပ်ကိုင်ထားပေးဖြစ်သည်။

မင်္ဂလာဦးညကစလို့ မိန်းမဖြစ်သူနှင့် ကျွန်တော် စကားပင် ကြာကြာမပြောဖြစ်ကြသေး။ ရည်းစားဘဝကနှင့်စာလျှင်ပင် အိမ်ထောင်သည်ဖြစ်ကာမှ သူမကို ဂရုမစိုက်သလို ဖြစ်ကာနေသည်လားဟု တွေးမိသည်။ ကိုယ့်အိမ်ထဲ ကိုယ်ဝင်ဖို့ပင် ရပ်စောင့်နေရသော ကိုယ့်ဘဝကို ကိုယ်တွေးရင်း ဘာရယ်မဟုတ် ကျွန်တော် သက်ပြင်းကို ဟင်းခနဲနေအောင် ချဖြစ်သည်။

××××



www.burmeseclassic.com

# ၁

ဦးလေးလင်မယားက TV
လေးကြည့်လိုက်၊
အိပ်ခန်းထဲဝင်ကာ အိပ်လိုက်၊
ကျွန်တော်တို့ချက်ထားသမျှကို
စားလိုက်ဖြင့် ဇိမ်ကျနေ သလောက်
ကျွန်တော်တို့လင်မယားမှာ

"မိန်းမ"

ခပ်တိုးတိုးခေါ်သော ကျွန်တော့်ကို ဇနီးဖြစ်သူက ပရုပ်သီးထောင်းနေရာက လှည့်ကြည့်ရင်း ဘာလဲဟူသောသဘောဖြင့် မေးဆတ်ပြသည်။

"မနက်ဖြန် ရုံးပိတ်ရက်ကို မောင်တို့ ပန်းခြံထဲသွားကြမလား"

ကျွန်တော့်စကားကြောင့် ဇနီးဖြစ်သူက

"ဘာဖြစ်လို့တုန်း"

ဟု ခပ်တိုးတိုးပြန်မေးသည်။

"အိမ်မှာနေရတာ စိတ်ကျဉ်းကျပ်တယ်ကွာ၊ ဒီတော့ မောင်တို့ ရည်းစားဘဝတုန်းကလို ပန်းခြံထဲမှာ အေးအေးဆေးဆေး



စကားတွေပြောကြမယ်လေ"

"ဒီမှာပြောလည်းရတာပဲ"

"မလွတ်လပ်လို့ပါဆို"

"ရှင်က ဘာစကားတွေပြောမှာမို့လို့တုန်း"

နှစ်ယောက်သား တိုးတိုးတိုးတိုးဖြင့်သာ စကားဆိုဖြစ်ကြပြီး အသံကျယ်ကျယ် စကားမဆိုရဲ၊ မဆိုရဲဆို ဦးလေးလင်မယားက အိမ်ဦးခန်းမှာထိုင်ကာ TV ကြည့်နေကြသည်ကိုး။ ထုံးစံအတိုင်း ဦးလေးလင်မယားက TV လေးကြည့်လိုက်၊ အိပ်ခန်းထဲဝင်ကာ အိပ်လိုက်၊ ကျွန်တော်တို့ချက်ထားသမျှကို စားလိုက်ဖြင့် ဇိမ်ကျနေသလောက် ကျွန်တော်တို့လင်မယားမှာ ကိုယ့်အိမ်ကိုယ်ဟုဆိုသော်လည်း နေစရာနေရာ ပျောက်နေသည်။

"ပြောလေ ရှင်က ဘာစကားတွေပြောမှာမို့လို့ ပန်းခြံသွားချင်ရတာတုန်း"

"ရည်းစားဘဝတုန်းကလို ရည်းစားစကားလေးဘာလေး ပြောရအောင်"

"မောင်နော် မကြီးမငယ်နဲ့"

ကျွန်တော့်စကားကြောင့် ဇနီးဖြစ်သူက ရှက်ကိုးရှက်ကန်းဖြင့် မျက်စောင်းလှမ်းထိုးသည်။

"ပြီးတော့လေ"

"ပြီးတော့ ဘာဖြစ်လဲ"

"အာဘွားလည်း ဒီလိုပေးချင်သေးတာ"

ပြောပြောဆိုဆိုဖြင့် ဇနီး၏နဖူးဆီတိုးကပ်ကာ နမ်းနာလုပ်အပြမှာ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဟဲ့ မီးဖိုထဲမှာ တဒုန်းဒုန်းနဲ့ ဘာတွေထုထောင်းနေကြတာတုန်း၊ နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး ဘာတွေပြောနေကြတာတုန်း"

အရေးထဲမှ ဝင်လာကာ အော်နေသော ဦးလေး၏ဇနီးကို ကျွန်တော်ကပင် ရှက်အမ်းအမ်းဖြင့်

"ဟိုလေ ဒေါ်လေးတူမ မျက်လုံးထဲ ငရုပ်သီးထောင်းရင်းနဲ့ ငရုပ်သီးဖတ် မျက်စိထဲဝင်သွားလို့ မှုတ်ပေးနေတာ၊ ဖူး. . . ဖူး"

ပြောပြောဆိုဆိုဖြင့် ကျွန်တော် ဇနီးဖြစ်သူ၏မျက်လုံးကို ဆတ်ခနဲဖြဲကာ ရှယ်မှုတ်ပေးဖြစ်သည်။

"အမယ်လေး စပ်လိုက်တာ မောင်ရယ်၊ ရပြီ ရပြီ၊ ချစ် မျက်နှာထသစ်လိုက်မယ်"

ဇနီးဖြစ်သူကလည်း ချော်လဲရောထိုင်ဖြင့် ခပ်တည်တည် ဖောရင်း မျက်နှာသစ်ရန် ရေချိုးခန်းထဲဝင်ကာသွားသည်။

"အမယ်လေး ငရုပ်သီးဖတ်ဝင်လို့ မှုတ်ပေးတာပဲ မမြင် မကန်းနဲ့ မှောင်မှောင်မဲမဲ မီးဖိုခန်းထဲမှာ မှုတ်နေရသလား၊ လင်းလင်းရှင်းရှင်းရှိအောင် ဝရန်တာထွက် မှုတ်ပေးတာမဟုတ်ဘူး"

ဦးလေး၏မိန်းမက လူကြီးပီပီ ရအောင် ဆရာကပ်လုပ်ပြီး ဆရာမကြီးအထာဖြင့် ဆိုသည်။

"ဟုတ်ကဲ့ပါ ဒေါ်လေး၊ နောက်တစ်ခေါက် ငရုပ်သီးဖတ် မျက်စိထဲထပ်ဝင်ရင် ဒေါ်လေးတူမကို ဝရန်တာခေါ်ပြီး မှုတ်ပေးရမယ်၊ ဒေါ်လေးပြောသလို လင်းလင်းရှင်းရှင်းရှိတာပေါ့၊ အဟဲ"

ပြောင်ချော်ချော်ဖြင့်ဆိုသော ကျွန်တော့်စကားအဆုံးမှာ တမင်ရွဲ့မှန်းသိသည်မို့ ဦးလေး၏ဇနီးဖြစ်သူက ချာခနဲလှည့်ကာ





အိမ်ဦးခန်းသို့ ကြွမြန်းကာသွားသည်။

ဘာရယ်မဟုတ် ပခုံးတွန့်ကာ ကျွန်တော်ရယ်ဖြစ်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကဈေးဖိုးပေးရမှာတုန်း၊
ငါးပြားမှ မပေးဘူး၊
လုံးဝစရိတ်ငြိမ်းပဲ၊
သူတို့စားချင်တာရှိလို့
ဝယ်ခိုင်းတော့မှ

ကျွန်တော့်စကားအဆုံးမှာ ဘော်ဒါများက တဟားဟားဖြင့် ရယ်ကြသည်။

"သူတို့လင်မယားက အိမ်ဆက်မရှာကြဘူးလား"

"အေးကွာ. . . သူတို့က မဟုတော့ ကိုယ်က အိမ်ရှာဦး မလား မေးရမှာကလည်းမဟုတ်နဲ့ ပျော်သလောက်ဆက်နေဦးမဲ့ သဘောပဲ"

မင်းသူရ၏အမေးကို ကျွန်တော် ခေါင်းကုတ်ရင်း ဖြေဖြစ် သည်။

"ပျော်သလောက်နေပါစေကွာ၊ ငါးနှစ်တန်သည်၊ ဆယ်နှစ် တန်သည်ပေါ့"

ရာဇာကပြောပြီး ခွီးခနဲရယ်သည်။





"မင်္ဂလာဦးညကတည်းက မပြန်တန်းနေလိုက်တာ ဘာလို လိုနဲ့ သုံးလနီးပါးရှိပြီလားလို့"

ခန့်ပိုင်ဦးက ပြုံးစိစိဖြင့်ဆိုသည်။

"အတိအကျပြောရရင် နှစ်လနဲ့ ရက်ပေါင်းနှစ်ဆယ်တိတိ ရှိသွားပြီ"

လက်နှစ်ချောင်းထောင်ရင်းဆိုသော ကျွန်တော့်စကားအဆုံး မှာ မင်းသူရက

"တော်တော်ကြီးကို မေ့မေ့ပျောက်ပျောက် နေထားတဲ့ပုံပဲ၊ ရက်တွေတောင် အတိအကျတွက်ထားတယ်"

ဟု ခပ်ရွဲ့ရွဲ့ပြောရင်း ရယ်သည်။

"ဒါနဲ့ စကားမစပ် မင်းတို့အိမ်မှာ သူတို့တက်နေ တက်စား ပြီး နေကြတာဆိုတော့ ဈေးဖိုးလေးဘာလေးတော့ ပေးမှာပေါ့"

"ဘယ်ကဈေးဖိုးပေးရမှာတုန်း၊ ငါးပြားမှ မပေးဘူး၊ လုံးဝ စရိတ်ငြိမ်းပဲ၊ သူတို့စားချင်တာရှိလို့ ဝယ်ခိုင်းတော့မှ ငွေထုတ်ပေး တာ၊ ဈေးဝယ်ခိုင်းရင်လည်း ပေးတဲ့ငွေက လုံးဝအတိအကျပဲ၊ တစ်ကျပ်မှ မပိုစေရဘူး၊ အဲဒီလို"

ရာဇာ၏အမေးကို ကျွန်တော် အောင့်သက်သက်ဖြင့် ဖြေဖြစ်သည်။

"ဒါဖြင့် မင်းတို့နှစ်ယောက်စလုံးရဲ့ လစာလေးနဲ့ လူလေး ယောက်စာ ဘယ်လောက်ပါ့မလဲ"

ခန့်ပိုင်ဦးက စိတ်မကောင်းဟန်ဖြင့်ဆိုသည်။

"လူပျို အပျိုဘဝတုန်းက စုဆောင်းထားတဲ့ ငွေလေးတွေနဲ့ ဖြည့်ပြီးသုံးနေရတာပေါ့ကွာ၊ ဒီလိုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် သကောင့်သားသုံးကောင်က ခေါင်းကိုယ်စီယမ်းကြသည်၊ ကျွန်တော်ကတော့ မချိပြုံးကိုသာ ပြုံးပြဖြစ်သည်၊

×××××





The life is the crossing of a sea,
where we meet
in the same narrow ship.

**Tagore**

ဘဝဆိုတာက ပင်လယ်ကို ဖြတ်ကျော်ခြင်းပေါ့၊
ကျဉ်းမြောင်းတဲ့ သင်္ဘောထဲမှာ
ကျုပ်တို့တွေ ဆုံတွေ့ကြရတယ်၊

တာဂိုး

××××



www.burmeseclassic.com

www.burmeseclassic.com





# ၆

ကျွန်တော်နှင့် ဇနီးဖြစ်သူ
ထိုင်နေသည်ကို
ပြူးတိပြူးကြောင်ဖြင့်
ကြည့်ကြည့်သွား
ကြသော်လည်း

"ရေစက်ရှိလို့ ဆုံတွေ့ကြရတာပဲရှင်ရယ်၊ တော်တန်ရုံရွှေရေစက်လောက်နဲ့ လူတစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံခင်မင်ဖို့ဆိုတာ မလွယ်ဘူး၊ ဒီလိုအတူနေရဖို့ဆို အပေးကြီး၊ မောင့်ကို အားမနာပါနဲ့၊ ဦးလေးတို့လည်း အိမ်ကို သူတို့ဘာသာသူတို့လည်း ကြိတ်ရှာနေကြတာပဲ၊ စိတ်ကြိုက်တွေ့ရင်တော့ ပြောင်းကြမှာပါ"

"မောင်က အဲဒီလိုနားလည်မှုပေးလေ ချစ်က အားနာလေပဲ"

"ရပါတယ်ချစ်ရယ်၊ လင်ရယ်မယားရယ်ဖြစ်လာမှတော့ နှစ်ဘက်ဆွေမျိုးတွေနဲ့ မပတ်သက်ဘဲနေလို့ ဘယ်ရပါ့မလဲ"

"မောင့်ကို အဲဒါတွေကြောင့် ချစ်နေရတာသိလား"

ပြောရင်းဆိုရင်း ကျွန်တော့်ပခုံးပေါ် ခေါင်းလေးမှီကာထားသော ဇနီးဖြစ်သူကို ပြန်ဖက်ထားရင်း

"မောင်ကလည်း အဲဒီအပြောလေးတွေကြောင့် မောင့်မိန်းမကို ကြွေပြီးရင်းကြွေရင်း ဖြစ်နေရတာ"

ဟု ဆိုဖြစ်သည်။

ပန်းခြံထဲတွင် ရှိရှိသမျှသောစုံတွဲတို့မှာ ငယ်ရွယ်သူများသာ ဖြစ်ကြသည်။ ကြီးတောင့်ကြီးမား စုံတွဲဟူ၍ ကျွန်တော်တို့လင်မယားနှစ်ယောက်သာ ဤပန်းခြံထဲတွင် ရှိလိမ့်မည်ထင်သည်။ ကျွန်တော်နှင့် ဇနီးဖြစ်သူ ထိုင်နေသည်ကို ပြူးတိပြူးကြောင်ဖြင့် ကြည့်ကြည့်သွားကြသော်လည်း ကျွန်တော်တို့လင်မယားနှစ်ယောက် သိပ်ဂရုမစိုက်မိကြ။

အိမ်မှာမရနိုင်သော လတ်ဆတ်သည့်လေညှင်း၊ အိမ်မှာမရခဲ့သော လွတ်လပ်မှု ကြည်နူးမှု စသည်ဖြင့် ဆို၍ကုန်နိုင်ဖွယ်မရှိသော ရသပေါင်းစုံက ကျွန်တော်တို့နှစ်ယောက်ကို ပန်းခြံထဲမှ မပြန်ချင်အောင် ဆွဲဆောင်ကာထားသည်၊ မိန်းမဖြစ်သူကို ကျွန်တော် ချစ်ဟု ခေါ်ဖြစ်သည်။

"ဘာလဲ မောင်"

"ချစ်စိတ်တော့မဆိုးနဲ့နော်၊ ချစ်ရဲ့ဦးလေးက ဘာအလုပ်မှလည်းမလုပ်ဘဲနဲ့ ပိုက်ဆံ ဘယ်တဝင်လဲလို့ တွေးမိလို့ပါ"

"ဩော်. . . ဒါလား ဦးလေးက အရင်တုန်းက သင်္ဘောသားလေ၊ အသက်ငယ်တုန်းက သင်္ဘောလိုက်ပြီး ရှာလို့ရသမျှပိုက်ဆံတွေကို ကုမ္ပဏီတစ်ခုမှာ ရှယ်ယာဝင်ထားတယ်၊ ကုမ္ပဏီကလည်း သူ့သူငယ်ချင်းရဲ့ ကုမ္ပဏီဆိုတော့ ဦးလေးအတွက် အစစအရာရာ အဆင်ပြေနေတယ်၊ သုံးလတစ်ကြိမ် အမြတ်ကို ထုတ်ပေးတယ်လေ၊





www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ပဲ ဦးလေးက လောက်အောင်သုံးပြီးနေတာ၊ လောဘလည်း မရှိတော့ ဘာအလုပ်မှကို မလုပ်တာ၊ ငွေတချို့တစ်ဝက်ကို ဘဏ်မှာ အပ်ထားတော့ ဘဏ်ကနေလည်း ဘဏ်တိုးတချို့ ရသေးတယ်လေ"

"သြော်"

ကျွန်တော် ခေါင်းကိုညိတ်ရင်း သြော်ဟု ဆိုဖြစ်သည်။ ဒါကြောင့်ပဲ အိမ်ငှားရန်လိုက်ကြည့်စဉ်က ပွဲစားကို ဦးလေးမိန်းမက အိမ်ခန်းကို သဘောကျလျှင် ငှားမနေဘဲ အပိုင်ဝယ်ပစ်မည်ဟု ကြွေးကြော်ခဲ့သည်ကိုးဟု တစ်ဆက်တည်း တွေးမိသည်။

"မောင့်ကိုပြောရဦးမယ်၊ ဦးလေးကလေ ချစ်တို့အိမ်မှာနေရတာ အားနာလို့ အိမ်စရိတ်ထည့်မယ်ဆိုပြီး ချစ်ကိုအမြဲပြောတယ်၊ ချစ်ကလည်း မယူဘူးလို့ငြင်းထားတယ်၊ မောင့်ကိုရော အိမ်စရိတ် ပေးမယ်လို့ပြောသေးလား"

"ဟင့်အင်း. . . မပြောဘူးကွ"

"ဒါဖြင့်မတော်လို့ ပြောလာခဲ့ရင်ပဲဖြစ်ဖြစ်၊ ပေးလာခဲ့ရင် ပဲဖြစ်ဖြစ် မောင်လက်မခံနဲ့နော်"

ဇနီးဖြစ်သူက လက်ညှိုးတစ်ချောင်းထောင်ရင်း ကလေး တစ်ယောက်ကို မှကြိုသွားပို့ခါနီး မှာသလိုမျိုး ဆိုသည်။

"အင်းပါ"

ကျွန်တော် ခေါင်းညိတ်ပြဖြစ်သည်။ ဒီကိစ္စကို အခုမှပဲပြော ဖြစ်တော့သည်။ လက်စသတ်တော့ ဦးလေးက ကျွန်တော့်ကို ဘာမှ မဆိုဘဲ သူ့တူမကိုသာ ကြိတ်၍ပေးခဲ့ဟန်တူသည်၊ ယခုကိစ္စကို ကျွန်တော်ဘာမှမသိ။ ထို့ကြောင့်လည်း ရာဇာတို့ဘော်ဒါတွေ မေးစဉ်က သူ ခေါင်းခါပြခဲ့ခြင်းဖြစ်သည်။





တကယ်တော့ အိမ်စရိတ်ရခြင်း၊ မရခြင်းက ပြဿနာ မဟုတ်။ ရေရှည်မနေဖို့ကသာ အရေးကြီးသည်ဟု အားနာပါးနာ ဖြင့် ကျွန်တော်တွေးမိသည်။ တွေးမိဆို ဦးလေးလင်မယား ရောက် နေသည်က တစ်လနှစ်လပင် မကတော့သည်ကိုး။

×××××



www.burmeseclassic.com

www.burmeseclassic.com



တမ္ဘာပေါ်တွင်ရှိသော
ယောကျာ်းအယောက်တစ်ရာတွင်
ကိုးဆယ့်ငါးယောက်သည်
ဘောလုံးပွဲကြိုက်သည်ဖြစ်ရာ
ထိုကိုးဆယ့် ငါးယောက်တွင်
ကျွန်တော်တို့သည်လည်း

BURMESE CLASSIC .com

ကျွန်တော်နှင့်ဦးလေးမှာ သွားတူနေသော ဝါသနာတစ်ခု ရှိသည်။ ယင်းက အခြားတော့မဟုတ်။ ဘောလုံးပွဲကြိုက်ခြင်း ဖြစ်သည်။

ကမ္ဘာပေါ်တွင်ရှိသော ယောကျာ်းအယောက်တစ်ရာတွင် ကိုးဆယ့်ငါးယောက်သည် ဘောလုံးပွဲကြိုက်သည်ဖြစ်ရာ ထိုကိုးဆယ့် ငါးယောက်တွင် ကျွန်တော်တို့သည်လည်း အပါအဝင်ဖြစ်သည်။

တစ်နေ့ ဦးလေးကလည်း တစ်လုံးတည်းရှိသော TV မှာ ဘောလုံးပွဲကြည့်ချင်ပြီး ဦးလေး၏ဇနီးက ကိုးရီးယားဇာတ်လမ်းခွေ ကို ကြည့်ချင်သည်။

အဲဒီမှာ စစ်ပွဲကစတော့သည်။ အစပိုင်းမှာတော့ တိုးတိုး





တိုးတိုးဖြင့် နောက်ပိုင်းမှာ စကားသံက တဖြည်းဖြည်းကျယ်ကာ လာသည်။

"ကိုကိုနော် ကိုကို့ဘောလုံးပွဲက ဘယ်လောက်အရေးကြီး နေလို့လဲ"

"ဒါဆို ခင့်ရဲ့ ကိုးရီးယားကားတရော ဘယ်လောက်အရေး ပါနေလို့လဲ"

"ဟ. . . ဒါက Live ကွ၊ ပြန်ကြည့်လို့မရဘူး၊ တိုက်ရိုက် လွှင့်တုန်းကို ကြည့်ရတာ၊ မင်းတို့ ကိုးရီးယားကားက တစ်ရေးနိုး ထကြည့်လည်းဖြစ်တယ်"

ဦးလေး၏စကားကြောင့် ဦးလေး၏ဇနီးက လက်ထဲမှာ ကိုင်ထားသော ကိုးရီးယားဇာတ်လမ်းတွဲခွေကို ဆတ်ခနဲ ကြမ်းပေါ် ပစ်ချသည်။

"ဒါ မင်းဘာလုပ်တာလဲ၊ မင်း ငါ့ကိုလာပြီး ဆောင့်ဆောင့် အောင့်အောင့် လာမလုပ်နဲ့နော်"

"အောင်မာမာ ကြည့်စမ်း ကြည့်စမ်း မင်းတွေငါတွေနဲ့ စကားပြောပြီပေါ့၊ ဒီမှာ"

"ဘာလဲ"

ဒီမှာဟူသော ဦးလေးဇနီး၏ စကားအဆုံးမှာ ဦးလေးက ဘာလဲဟု မေးငေါ့ကာ တုံ့ပြန်သည်၊

"ရှင် သဘော်သားဘဝနဲ့ နိုင်ငံတကာပတ်လာပြီးတော့ Lady first ဆိုတာ နားမလည်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"သိပ်လည်တာပေါ့၊ ဒါပေမဲ့ နေရာတကာတော့ Lady first လုပ်မနေနိုင်ဘူး၊ မင်းတို့ ကိုးရီးယားကားက ခွေနဲ့ကြည့်ရတာ တစ်နေ့လုံး ကြိုက်တဲ့အချိန်ကြည့်လို့ရတယ်၊ ဘောပွဲက လွှင့်တဲ့ အချိန်ပဲ ကြည့်ရတာ၊ ဟုတ်တယ်မဟုတ်လား ငါ့တူ"

ဦးလေးက မဆီမဆိုင် ကျွန်တော့်ကို စစ်ကူတောင်းသည်။ ကျွန်တော်လည်း ဘောပွဲကြည့်ချင်သည်မို့ ခေါင်းကို ခပ်သွက်သွက် ညိတ်ပြဖြစ်သည်။

"အဲဒါတော့ဟုတ်တယ် ဒေါ်လေး၊ ဘောပွဲကလေ လာတုန်း လေးကြည့်ရတာ၊ ဦးလေးသနားပါတယ် ဒေါ်လေးရယ် ဒေါ်လေးပဲ အလျှော့ပေးလိုက်ပါဗျာ၊ ဘောပွဲကြည့်ပြီးမှ ဒေါ်လေးရဲ့ ကိုးရီးယား ကို ကြည့်ပေါ့"

သူ့စကားအဆုံးမှာ ဦးလေးက

"ပြောပြလိုက်စမ်းပါ"

ဟုဆိုသည်။

"ဒီမှာ ရှင်က မီးလောင်ရာလေပင့်နေပြန်ပြီ၊ တကယ်တမ်း ကျ ရှင်လည်း ဘောပွဲကြည့်ချင်နေတာ မဟုတ်လား၊ ယောကျ်ား လုပ်ပြီးတော့ သူများလင်မယားကြားမှာ ဝင်ပါတယ်"

အရေးထဲ ကျွန်တော့်ဇနီးကပါ ကျွန်တော့်ကို စွပ်စွပ်စွဲစွဲ ဖြင့် ဆိုလာသည်။

"ငါ့တူမ ယောကျ်ားဆိုတာ အိမ်ဦးနတ်လေ၊ အဲဒီလို ယောကျ်ားကို ကတ်ကတ်လန်အောင် ပြန်မပြောနဲ့၊ ဦးလေး မကြိုက် ဘူး၊ ယဉ်ယဉ်ကျေးကျေးနေစမ်းပါ"

ဦးလေးက ခဲတစ်လုံးထဲနှင့် ငှက်နှစ်ကောင်ကို ထပစ် သည်။ တကယ်တမ်းကျ ထိုစကားဖြင့် သူ့မိန်းမကိုပါ ကစ်ထည့်လိုက် ခြင်းဖြစ်သည်။

"ရှင်း . . ဒါ ကျွန်မကို စောင်းပြောတာမဟုတ်လား"

ဦးလေး၏ဇနီးက မျက်နှာကြီးနီကာ ထ၍အော်သည်။

"ဟ. . . ငါ့တူမကို ငါဆုံးမတာ၊ မင်းကိုပြောလို့လား"

"ရှင်စကားမကပ်နဲ့၊ ယောကျ်ားလုပ်ပြီးတော့ စကားကို မှောက်ချည်လှန်ချည်နဲ့ မပြောနဲ့"

ဦးလေးတို့လင်မယားက တစ်ယောက်တစ်ခွန်းဆိုရင်း ငြင်းခုန်နေစဉ်မှာ ကျွန်တော့်ဇနီးက ကျွန်တော့်ဗိုက်ခေါက်ကို မပြောမဆိုဖြင့် ဆွဲ၍လိမ်သည်။

"အား. . . ဘာလဲကွ"

"ရှင့်ကြောင့်လေ၊ ဟိုမှာ စကားတွေများကုန်ပြီ"

"ဟ. . . မောင်က ဘာပြောလို့လဲ၊ ဖြစ်သင့်တာကိုပြော ပေးတာလေ၊ ဦးလေးပြောသလို မင်းတို့ဇာတ်ကားက တစ်ရေးနိုး ထကြည့်လည်း ဖြစ်နေတာပဲ၊ မင်းလည်းပဲ ကိုးရီးယားကား ကြည့်ချင်တာနဲ့ ငါ့ကိုပြဿနာမရှာနဲ့"

"အောင်မာမာ ကျွန်မက ပြဿနာမရှာဘူး၊ ရှင်ကသာ ဘောပွဲကြည့်ချင်လို့ ဦးလေးလင်မယားကြားမှာ ကန့်လန့်ကြီးဝင်ရှုပ် နေတာ၊ အရှုံကျင့်ကိုမကောင်းဘူး"





www.burmeseclassic.com

www.burmeseclassic.com

"ဘာကွ၊ မင်းစကားပြောတာ လူပါးမဝနဲ့"

ကျွန်တော်က 'ဘာကွ'ဟု ဆိုရုံသာရှိသေး ဦးလေးက

"ဒီမှာငါ့တူ ငါတို့က အိမ်ဦးနတ်တွေကွ၊ အိမ်ဦးနတ်ဆိုတာ နေရာတကာမှာ ပထမပဲ၊ ဘာမှ Lady first တွေ ဘာတွေ လုပ်မနေဘူး၊ ဘောပွဲပဲကြည့်မယ်၊ လာ"

ဟု ပြောပြောဆိုဆိုဖြင့် ကျွန်တော့်ပခုံးကိုဖက်ကာ သူ့ဘေးမှာထိုင်စေသည်။

"ဟုတ်ကဲ့ ဦးလေး"

ကျွန်တော်က တမင်ပင် ဦးလေးဘေးမှာဝင်ထိုင်ပြီး မိန်းမကို စိန်ခေါ်သလို ကြည့်ဖြစ်သည်။ ဇနီးလုပ်သူကလည်း ကျွန်တော့်ကို နှုတ်ခမ်းကိုက်ကာ လှမ်း၍ပြန်ကြည့်သည်။

"ဪ. . . ရှင်တို့က ဒီလိုလား၊ ရတယ်၊ ရှင်တို့ကြိုက်တဲ့ ဘောပွဲကိုကြည့်ပြီး အဲဒီမှာပဲ ရှင့်တူနဲ့အိပ်တော့၊ လာ ငါ့တူမ ဒေါ်လေးနဲ့ အိပ်ခန်းထဲမှာလာအိပ်၊ သူတို့နှစ်ယောက်က အိမ်ဦးနတ် ပီပီ အိမ်ဦးခန်းမှာ အိပ်ပလေ့စေ"

ပြောပြောဆိုဆို ဒေါ်လေးက ကျွန်တော့်မိန်းမလက်ကို ဆွဲကာ ကျွန်တော့်ကို စိန်ခေါ်သလို လှမ်းကြည့်သည်။

ကျွန်တော်လည်း မသိချင်ယောင်ဆောင်ကာ တမင်ပင် ဘောပွဲကို အာရုံစိုက်နေသယောင်ပြုကာ TV ကိုပဲ ကြည့်ဖြစ်သည်။ ဦးလေးက သူ့မိန်းမကို လှမ်းကြည့်ကာ. . .
ဒါ့တူရာ၊ ဒါပေါ့"



နှစ်ယောက်သား ဘောလုံးပွဲအပေါ်မှာသာ အာရုံစိုက်ပြလိုက်သောအခါ ဒေါ်လေးနှင့် ကျွန်တော့်ဇနီးမှာ ဆောင့်ဆောင့်အောင့်အောင့်ဖြင့် အိပ်ခန်းထဲဝင်သွားပြီး အိပ်ခန်းတံခါးကို ဝုန်းခနဲ နေအောင် ပိတ်လိုက်ကြသည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



# ၇

မထင်နဲ့နော်၊
မင်းဦးလေးလင်မယားတ
အိမ်မှာနှစ်ယောက်တည်း
ကျန်ခဲ့တာ
တစ်နေ့တုန်းချောချိန်ပြုချိန်ရှိတယ်၊
မင်း တို့လင်မယားတသာ

ကျွန်တော့်စကားကို အားလုံးက ပြုံးစိစိဖြင့် နားထောင်နေကြသည်။

"ဒါဖြင့် အခု မင်းတို့ခွဲအိပ်တုန်းပဲလား"

ခန့်ပိုင်ဦးက. မချိုမချဉ်ဖြင့် မေးသည်။

"အေး. . . ငါနဲ့ဦးလေးက အပြင်ခန်းမှာ၊ သူနဲ့ဒေါ်လေးနဲ့က အိပ်ခန်းထဲမှာ၊ မနေ့ညကနဲ့ဆို နှစ်ရက်ရှိပြီ"

ကျွန်တော့်စကားအဆုံးမှာ မင်းသူရက ခွီးခနဲရယ်သည်။ ပြီး

"မင်းမှာလည်း မင်္ဂလာဦးညကတည်းက စလိုက်တဲ့ပြဿနာ





အခုထိကို မပြီးနိုင်သေးဘူး၊ ဒါနဲ့ မင်းက မင်းမိန်းမကို ပြန်မချော့ဘူးလား"

"မချော့ပါဘူး၊ ဘာကိစ္စချော့ရမှာလဲ၊ ဦးလေးကပြောတယ် လွှတ်ထားလိုက်တဲ့၊ သူတို့ဘာသာသူတို့ ပျော့လာပါစေတဲ့၊ သွားချော့ရင် ပိုဆိုးမယ်တဲ့"

ကျွန်တော့်စကားကြောင့် အားလုံးက ပြုံးကြသည်။

"အခုမှပဲ နှစ်ယောက်သား တွဲမိတော့တယ်၊ ဒီလိုဆို ဦးလေးလင်မယားလည်းပဲ အိမ်မှာကျန်ခဲ့တာ တစ်ယောက်နဲ့တစ်ယောက်က အစေးမကပ်ဘူးပေါ့"

"အေး. . စကားကောင်းကောင်းမပြောကြဘူးတဲ့"

ရာဇာ့အမေးကို ကျွန်တော်ဖြေဖြစ်သည်။

"မထင်နဲ့နော်၊ မင်းဦးလေးလင်မယားက အိမ်မှာနှစ်ယောက်တည်းကျန်ခဲ့တာ၊ တစ်နေကုန် ချော့ချိန်ပြုချိန်ရှိတယ်၊ မင်းတို့လင်မယားကသာ မနက်သွားညပြန်နဲ့ အလုပ်မတူလို့ ဆုံကြတာမဟုတ်ဘူး၊ တော်ကြာ သူတို့လင်မယားက ငြိမ်းချမ်းရေးရပြီး မင်းတို့လင်မယားပဲ စကားမျှားကျန်ခဲ့ဦးမယ်"

ခန့်ပိုင်ဦးက အရယ်တစ်ဝက်ဖြင့် အရှုန်းဖောက်သည်။

"ဟုတ်တယ်ကွ. . . မင်း ကိုယ့်မိန်းမကိုယ် ချော့ထားဦး၊ ခန့်ပိုင်ဦးပြောသလို သူတို့ပြန်တိုကေသွားတော့မှ မင်းတို့လင်မယား နှစ်ယောက် အိုးကိုးအမ်းတန်းကြီး ကျန်နေဦးမယ်၊ ပြန်ချော့လိုက်ပေါ့ကွာ၊ ဘာဖြစ်လဲ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ပေါ့ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း မင်းသူရက ရယ်သည်။ ဘာရယ်မဟုတ် ကျွန်တော်ပါ လိုက်၍ရယ်မောဖြစ်သည်။

×××××





၆

ချစ်စခင်စကြင်နာစမှာ
ခွဲနေရသောနှစ်ရက်သည်
နှစ်သက်စာလောက်၊
ခွဲနေရသလိုကြီးဖြစ်နေ
သည်မို့ချော့ရန်အလို့ငှာ

အရင်ကတော့ ကျွန်တော်အလုပ်လုပ်သော ကုမ္ပဏီနှင့် ကျွန်တော့်မိန်းမ အလုပ်လုပ်သောကုမ္ပဏီက ကပ်ရက်ဖြစ်သည်။

အခုတော့ မိန်းမဖြစ်သူ၏ ကုမ္ပဏီက တခြားတစ်နေရာသို့ ရွှေ့သွားခဲ့သည်မို့ အတူသွားအတူစား မဟုတ်တော့။

သွားတော့လည်း တစ်လမ်းစီ၊ ပြန်တော့လည်း တစ်လမ်းစီ ဖြစ်သည်။ ပြန်ရောက်ချိန်ကလည်း မတူတတ်၊ တစ်ခါတစ်ရံ ကျွန်တော်ကစောပြီး တစ်ခါတစ်ရံကျ ဇနီးဖြစ်သူကစောသည်။

ကြုံတောင့်ကြုံခဲ တစ်ခါတလေကျတော့လည်း လမ်းထိပ်မှာ ဆုံတတ်သည်။ ဒီနေ့တော့ မကြုံလည်းကြုံအောင် မဆုံပဲဆုံအောင် စောင့်နေဖြစ်သည်။ ဘာပဲပြောပြော နှစ်ရက်တိတိ ခွဲအိပ်ရသောအခါ လွမ်းသလိုလိုကြီး ဖြစ်လာသည်။ ချစ်စခင်စ ကြင်နာစမှာ ခွဲနေရ



www.burmeseclassic.com

www.burmeseclassic.com



သော နှစ်ရက်သည် နှစ်သက်စာလောက် ခွဲနေရသလိုကြီး ဖြစ်နေသည်မို့ ချော့ရန်အလို့ငှာ စောင့်နေဖြစ်ခြင်းဖြစ်သည်။

သိပ်ကြာကြာတော့ မစောင့်လိုက်ရ အမေပြောသော အမောပြေ ချစ်ဇနီးက သူမတို့ကုမ္ပဏီ၏ ဖယ်ရီကားပေါ်မှဆင်းကာလာသည်။

ပြုံးစိစိဖြင့် စောင့်နေသော ကျွန်တော့်ကို မြင်သောအခါ သူမသည်လည်း ရှက်ကိုးရှက်ကန်းတော့ ဖြစ်ကာသွားသည်။

"မိန်းမ"

"ဘာတုန်း"

"မိန်းမကိုချော့မလို့ မောင်လာစောင့်နေတာ"

"သွားပါ၊ လူကို လူပါးဝသလေးဘာလေး ပြောထားပြီးတော့"

ကျွန်တော့်စကားအဆုံးမှာ သူမက သွားပါဟု ရှက်အမ်းအမ်းဖြင့်ဆိုပြီး သူမ၏ဘေးလွယ်အိတ်ကို လှမ်းပေးပြီး ရော့ဟုကိုင်ခိုင်းသည်။

"မိန်းမနဲ့ နှစ်ညခွဲအိပ်ရတာ နှစ်ဘဝစာလောက် ခွဲနေရသလိုပဲ၊ လွမ်းလိုက်တာ မိန်းမရယ်၊ တကယ်ပြောတာ၊ အဲဒီတုန်းက လူပါးဝတယ်လို့ပြောတာလည်း အလကားနောက်တာ၊ အဟဲ"

"သွားစမ်းပါ၊ ဘောပွဲမှဘောပွဲ ဖြစ်နေပြီးတော့"

"နောက်ဆို မိန်းမမကြိုက်ရင် မကြည့်တော့ဘူး၊ ဟုတ်ပြီလား"

"မသိဘူး"

ကျွန်တော့်ပခုံးကို လှမ်းထုရင်း သူမက မသိဘူးဟု ရှက်ပြုံးပြုံး ခပ်ချွဲချွဲဆိုသည်။





ဘာရယ်မဟုတ် ရည်းစားဘဝတုန်းက သူမစိတ်ကောက်၍ ချော့ရသည့် ခံစားမှုမျိုးကို ပြန်၍ ကြည်ကြည်နူးနူးဖြင့် ခံစားနေရသည်။

"ဒီနေ့ညကျရင် အိပ်ခန်းထဲ ဒေါ်လေးနဲ့ သွားမအိပ်တော့နဲ့နော်'

ကျွန်တော့်စကားအဆုံးမှာ သူမက ဒိုင်းခနဲ ရှက်ဝဲဝဲဖြင့် မျက်စောင်းထိုးသည်။ ပြီး နှာခေါင်းကိုရှုံ့ရင်း

"ကိုယ့်သဘောပါ၊ ကိုယ်အိပ်ချင်တဲ့နေရာ အိပ်မှာပေါ့၊ ဟိုမှာမအိပ်နဲ့ ဒီမှာမအိပ်နဲ့လို့ လိုက်ဆရာလုပ်နေစရာမလိုပါဘူး"

ဟု ဆိုသည်။

"ဆရာလုပ်တာမဟုတ်ပါဘူး မိန်းမရယ်၊ လွမ်းလို့ Request လုပ်တာပါ၊ ဒါနဲ့ မိန်းမရော မောင့်ကိုမလွမ်းဘူးလား"

"လွမ်းစရာလား၊ တစ်အိမ်ထဲမှာ မြင်နေရတဲ့ကိစ္စ"

သူမက ရယ်ကျဲကျဲနှင့် လွမ်းစရာလားဟု ဆိုသည်။

"ဒါဖြင့် မလွမ်းဘူးပေါ့"

"မလွမ်းတာ"

ပြောင်ချော်ချော်ဖြင့် သူမက မလွမ်းတာဟု ခပ်ချွဲချွဲဆိုသည်။

"မလွမ်းဘူးသာဆိုတယ် မျက်နှာလေးတောင် နည်းနည်းချောင်ကျသွားသလိုပဲ၊ မှန်းစမ်းပါဦး"

သူမကို ရှေ့တည့်တည့်မှ ကြည့်ရင်း ရွတ်နောက်နောက်ဆိုသောအခါ သူမက ကလေးကလားနဲ့ဟုဆိုရင်း ရှက်ရယ်ရယ်သည်။ ဘာပဲပြောပြော 'ရန်ဖြစ်လိုက် ပြန်ချစ်လိုက်'ဆိုသောစကားကို ရန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြန်ချစ်ရသည်က အတော်လေး ကြည်နူးစရာတော့ကောင်းပါသည်။

×××××



Water,

smoke and a bad wife

drive men out of the house.

ရေ

မီးခိုးနှင့် ဆိုးသောလင်းတို့သည်

ယောကျ်ားများကို အိမ်ပြင်သို့ မောင်းထုတ်၏။

**Italian Proverb**

××××

www.burmeseclassic.com



ဘာရယ် မဟုတ်ဘူး၊
လူရှိန်အောင်
ဖိန့်လိုက်တာပါခင်ရယ်၊
ဝေါက်တယ်လို့ မယူဆပါနဲ့

"အီတာလျံစကားပုံတစ်ခု ရှိတယ်၊ လေ၊ ရေ၊ မီးခိုးနဲ့ မိန်းမဆိုးတွေက ယောကျာ်းတွေကို အိမ်အပြင်ကို မောင်းထုတ်တာယ်တဲ့"

"အဲဒါ ဘာဖြစ်လဲ"

"ခင်က ကိုယ့်ကို တံခါးမဖွင့်ပေးဘဲနဲ့ စိတ်ကောက်နေတော့ ဒါနှင်ထုတ်နေတာပဲမဟုတ်လား၊ မိန်းမဆိုးဖြစ်မှာ မကြောက်ဘူးလား"

အိမ်ထဲဝင်ရန် ပြင်စဉ်မှာပင် ကြားရသောစကားတို့ကြောင့် ကျွန်တော်တို့လင်မယားနှစ်ယောက်စလုံး ခြေစုံရပ်ကာ နားစွင့်ဖြစ်ကြသည်။ ကြည့်ရသည်မှာ ဦးလေးခမျာ နှစ်ရက်စလုံး မိန်းမဖြစ်သူကို ချော့နေရဟန်တူသည်၊ ဘာရယ်မဟုတ် ကျွန်တော်တို့လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးဖြစ်ကြသည်။



"ရှင်ဘာပြောပြော ကျွန်မကတော့ ရှင့်ကိုမကျေနပ်သေးဘူး၊ ကျွန်မကို ကလေးတွေရှေ့မှာ မျက်လုံးကြီးပြူးပြီးတော့ ဝေါက်ထားတာ၊ ကျွန်မ အခုထိ ပြန်မြင်နေသေးတယ်"

"ခင်ကလည်းကွာ ကလေးတွေရှေ့မှာ ခင့်ကို အလျှော့ပေးလိုက်ရင် ကိုယ့်ကို မိန်းမကြောက်ကြီးလို့ ထင်သွားမှာပေါ့၊ ဘာရယ်မဟုတ်ဘူး၊ လူရှိန်အောင် ဖိန့်လိုက်တာပါခင်ရယ်၊ ဝေါက်တယ်လို့ မယူဆပါနဲ့"

ဦးလေး၏ စကားကြောင့် ကျွန်တော်တို့ လင်မယားနှစ်ယောက်ပြုံးဖြစ်ကြပြန်သည်၊ ဩော်. . . ပြောလည်းပြောတတ်တဲ့ ဦးလေး၊

"ကိုယ့်မှာတော့ ကလေးတွေရှိသွားရင် ခင် ကိုယ့်ကို စိတ်ဆိုးပြေပြီး ခေါ်မယ်ပြောမယ်လို့ ထင်ထားတာ၊ အခုလိုကြီး အိပ်ခန်းတံခါးပိတ်ပိတ်ပြီးတော့ စိတ်ကောက်နေတော့ ကိုယ်မခံစားနိုင်ဘူး တကယ်ပြောတာ"

ရုပ်ကြမ်းကြီးနှင့် ဇွတ်နွဲ့နေသော ဦးလေး၏စကားကြောင့် အော်မရယ်မိအောင် အတော်ကြီးထိန်းထားရသည်။ မိန်းမဖြစ်သူကို ကြည့်တော့လည်း ကျွန်တော့်လိုပင် ရယ်ချင်စိတ်ကို အောင့်ကာထားသည့်ပုံ ပေါက်နေသည်။

"ကြည့်ရတာ ကိုယ်က ခင့်ထက် ပိုချစ်နေတယ်ထင်တယ်၊ ကိုယ့်ဘက်ကချည်းပဲ အလျှော့ပေးနေရတယ်၊ အခုပဲကြည့် ကိုယ့်ဘက်က ဒီလောက်အလျှော့ပေးပြီး ချော့နေတာတောင် ခင်က အားနာပါးနာနဲ့ ခွင့်မလွှတ်ပေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အလျှော့ပေးတယ် ဟုတ်လား၊ ဒါနဲ့များ အိမ်ဦးနတ်ဆို နေရာတကာမှာ ပထမပဲဆို၊ အိမ်ဦးနတ်ပီပီ အိမ်ဦးခန်းမှာပဲနေပါ၊ ဒီဘက်ကို အားနာပါးနာနဲ့ မကောင်းတတ်လို့ လာမနေပါနဲ့"

နှစ်ယောက်သား အပြိုင်အဆိုင် ကလေးဆန်နေကြသည်မို့ ကျွန်တော် ရယ်ပစ်ချင်လာသည်။

"ကိုယ့်ကိုပညာပြနေတယ်ဆိုရင် လုံလောက်ပါပြီခင်ရယ်၊ နှစ်ရက်ထဲနဲ့တင် လွမ်းရလွန်းလို့၊ နောက်ရက်တွေပါ ခင်နဲ့ခွဲအိပ်ရဦးမယ်ဆိုရင် ကိုယ်တော့ လွမ်းနာကျပြီး သေတော့မှာပဲ"

"သေပေါ့"

ဒေါ်လေး၏ တုံ့ပြန်စကားကြောင့် အပြင်မှာရပ်ကာနေသော ကျွန်တော်တို့လင်မယားနှစ်ယောက် အသံမထွက်အောင် ပါးစပ်ကိုအုပ်ပြီး 'တအုအု'ဖြင့် ရယ်ဖြစ်ကြသည်။

ဦးလေးတစ်ယောက် နင့်ခနဲ ခံစားနေရမည်ကိုတွေးရင်း သနားသွားမိသည်။ ဒေါ်လေးကလည်း ဒေါ်လေး တော်တော်ကြီးကို အသည်းမာပြနေသည်။

ဒီအတိုင်းဆိုပါက ဒေါ်လေးကလည်း တော်တော်နှင့် စိတ်ကောက်ပြေမည့်သဘောမရှိ၊ ထို့ကြောင့် ကျွန်တော်တို့လင်မယားပါ ကြားထဲမှ မားစာခံဖြစ်ကာ ခွဲအိပ်ရဦးမည့်သဘော ဖြစ်နေသည်။

ဦးလေးတို့လင်မယား မပြေလည်သေးခင်မှာ ကျွန်တော်တို့နှစ်ယောက်လည်း ဘာသိဘာသာနေရမည်ကို နှစ်ယောက်စလုံး နားလည်လိုက်ကြသည်။

ဦးလေးတစ်ယောက် ချော့သောအလုပ်ကို ခဏနားသည်လားတော့မသိ။ အသံတွေ တိတ်ဆိတ်ကာသွားသည်။





'ဝင်ကြတော့မလား'ဟူသော သဘောဖြင့် ကျွန်တော့် ချစ်ဇနီးက မျက်ခုံးပင့်ပြသည်မို့ ကျွန်တော် ခေါင်းညိတ်ပြဖြစ်သည်။

ကိုယ့်အိမ်ကိုယ်ဝင်ဖို့ကိုပဲ နကွတ်တွေ စောင့်နေရသည်မို့ တယ်လည်း ကံဆိုးတဲ့ငါပါလားဟု တွေးရင်း ကိုယ့်အဖြစ်ကို ကိုယ် ပြုံးမိသည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



“
ငါ့တူ
မိန်းမဆိုတာမျိုးက
သိပ်အလျှော့ပေးလို့ရတာမဟုတ်ဘူး၊
သွားမချော့နဲ့၊
ဦးလေးလိုခပ်တည်တည်ပဲနေ၊
ကြားလား

“ဒါဖြင့် မင်းတို့လင်မယားက Peace ဖြစ်သွားပေမယ့် မင်းတို့ဦးလေးလင်မယားက မအိုကေသေးတော့ မင်းတို့ပါ ရောယောင်ပြီး ခပ်တည်တည် ခပ်တန်းတန်း နေပေးနေရတာပေါ့”

“အေးပေါ့ကွ”

ကျွန်တော့်စကားအဆုံးမှာ သကောင့်သားများက ခေါင်းကို ကုတ်ကြသည်။

“မင်းတို့ဟာကလည်းကွာ ကြာရင်ဟန်ဆောင်ရလွန်းလို့ အက်တင်တွေ တိုးတက်လာပါဦးမယ်”

ပြောရင်း ရာဇာက ရယ်သည်။

“အံ့မယ် မနေ့ညက ဦးလေးက ငါ့နားကပ်ပြီး ခပ်တိုးတိုးနဲ့ ဘာပြောလဲသိလား”





“အင်း. . . လုပ်ပါဦး”

ရယ်ကျဲကျဲဖြင့်ဆိုသော ကျွန်တော့်ကို ခန့်ပိုင်ဦးက ဆိုဦးဟု ဆိုသည်။

“ငါ့တူ မိန်းမဆိုတာမျိုးက သိပ်အလျှော့ပေးလို့ ရတာမဟုတ်ဘူး၊ သွားမချော့နဲ့၊ ဦးလေးလို ခပ်တည်တည်ပဲနေ၊ ကြားလားတဲ့၊ ငါကွာ ရယ်ချင်လွန်းလို့ မရယ်မိအောင် အတော်အောင့်ထားရတယ်”

“မင်းမှာလည်း ဒုက္ခပဲ”

ပြောပြီး သကောင့်သားသုံးကောင်က တခွိးခွိးဖြင့် ရယ်ကြသည်။

“အံ့မယ် သူက သူ့မိန်းမကိုချော့တာကို အိတာလျံစကားပုံတွေဘာတွေတောင် ရွတ်ပြသေးတာ၊ ပြောနေတဲ့ စကားလုံးတွေက ကိုယ်တွေထက်တောင် ဆန်းသစ်သေးတယ်”

“သူ့ဆီကနေ သင်တန်းပြန်တက်ထားပေါ့ကွာ”

မင်းသူရက ရွတ်နောက်နောက်ဖြင့်ဆိုသည်။

“ဒီအတိုင်းဆိုရင် သူတို့လင်မယား မြန်မြန်ပြန်အိုကေအောင် ငါတို့လင်မယားကလည်း ဘေးတီးပေးမှ ဖြစ်မယ်ကွ၊ မိန်းမနဲ့တိုင်ပင်ပြီး အစီအစဉ်ဆွဲမှဖြစ်မယ်၊ မဟုတ်ရင် ကြားထဲက ငထွားက ခါးနာမဲ့ကိန်းဆိုက်နေတယ်”

ပြောရင်း ကျွန်တော် ခေါင်းကုတ်ပစ်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားဆိုတာမျိုးက
ပထမတစ်ခေါက်
နိုင်ကြည့်လို့ရတာနဲ့
နောက်ပိုင်းတောက်လျှောက်
ချိုးတော့မှာ

အိမ်သို့ အပြန်လမ်းထိပ်မှာ စောင့်ပြီး သူမနှင့်အတူ ပြန်ဖြစ်သည်။

"မနေ့ညက ဒေါ်လေးက ဘာပြောလဲသိလား"

"အင်း ပြောပါဦး"

မိန်းမဖြစ်သူ၏စကားကို ကျွန်တော် ထောက်ပေးဖြစ်သည်။

"ပထမဆုံးတစ်ချီကိုတော့ အချိန်အတော်ကြာကြာလေး ပညာပေးထားမှဖြစ်မယ်တဲ့၊ ယောက်ျားဆိုတာမျိုးက ပထမတစ်ခေါက် နိုင်ကြည့်လို့ရတာနဲ့ နောက်ပိုင်းတောက်လျှောက် ချိုးတော့မှာတဲ့၊ ကြည့်ရတာ ဒေါ်လေးက စိတ်ကောက်ပြေပေမယ့် မပြေချင်ယောင်ဆောင်ပြီးတော့ ဆက်ပညာပေးဦးမဲ့သဘောပေါ့၊ ဦးလေး သနားပါတယ်"



"ဦးလေးကရော မောင့်ကို ဘာမှမပြောဘူးလား"

မိန်းမဖြစ်သူက ပြုံးစိစိဖြင့်မေးသည်။

"ပြောတာပေါ့၊ 'ငါတူတဲ့ မိန်းမဆိုတာမျိုးက သိပ်အလျှော့ပေးလို့ရတာမဟုတ်ဘူးတဲ့၊ သွားမချော့နဲ့ ဦးလေးလို ခပ်တည်တည်ပဲနေ'ဆိုပဲ၊ မောင့်မှာလေ အော်ရယ်မိမှာစိုးလို့ အတော့်ကို အောင့်ထားရတယ်၊ သူ အောက်ကျို့ပြီး တောင်းပန်နေတာကို မသိတာကျလို့"

ကျွန်တော့်စကားအဆုံးမှာ သူမက ခွီးခနဲရယ်သည်။

"ဒီနေ့ပြန်ရောက်ရင်တော့ ဒေါ်လေးကိုသနားပါတယ် ဦးလေးရယ်၊ ချော့လိုက်ပါဗျာ ဆိုပြီးတော့ မသိမသာတွန်းပေးရမယ်"

သူမကလည်း ရယ်ချင်ပက်ကျိဖြင့် ဆိုသည်။

"သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်ပေါ့၊ သူတို့ အိုတောမှ မောင်တို့လင်မယားလည်း အကျိုးရှိမှာ၊ ဟုတ်တယ်မဟုတ်လား"

မချိုမချဉ်ဖြင့်ဆိုသော ကျွန်တော့်စကားကြောင့် သူမမျက်နှာ နီအမ်းအမ်းဖြင့် ရှက်ဝဲဝဲကြီးဖြစ်ကာသွားသည်မို့ ကျွန်တော်ခပ်တိုးတိုးရယ်ဖြစ်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



၆

ဒေါ်လေး၏စကားကြောင့်
ကျွန်တော်တို့ လင်မယား
တစ်ယောက်မျက်နှာကိုတစ်ယောက်
ပြုံးတိပြုံးကြောင်
ကြည့်ဖြစ်ကြသည်

အခန်းရှေ့ရောက်သော်လည်း ရောက်ရောက်ချင်း ကျွန်တော်တို့လင်မယားနှစ်ယောက်စလုံး အခန်းထဲမဝင်ဖြစ်ကြ။ ရုတ်တရက်ဝင်၍မကောင်းသော အကြောင်းတရားများ ရှိနေသည်မို့ နှစ်ယောက်သား ခြေစုံရပ်ကာ အခန်းထဲမှအသံကို အရင်ဆုံးနားစွင့်ဖြစ်သည်။

"လွှတ်ကွာ. . . တော်ကြာ ကလေးတွေပြန်လာရင် သူတို့ဒေါ်လေးက အညာလွယ်တယ်၊ မာနလည်းမရှိဘူးလို့ ထင်နေဦးမယ်"

ကြားရသော ဒေါ်လေး၏စကားကြောင့် ကျွန်တော်တို့လင်မယား တစ်ယောက်မျက်နှာကိုတစ်ယောက် ပြုံးတိပြုံးကြောင်ကြည့်ဖြစ်ကြသည်။ ဦးလေးတို့လင်မယားနှစ်ယောက် ငြိမ်းချမ်းရေး





ရသွားပါပေါ့လားဟု။

"အခုမှ စိတ်ကောက်ပြေတဲ့မိန်းမကို ဒဏ်ခတ်ဦးမှာပေါ့"

ဦးလေး၏လေသံတို့ကလည်း လူငယ်တစ်ယောက်လို မြူးကြွကာနေသည်။

"ကလေးတွေပြန်လာခါနီးပြီ ကိုကိုရဲ့၊ ဖယ်စမ်းပါ၊ တော်ကြာတူမလေးက ကျွန်မကို စိတ်လည်းကောက်ချင်သေးတယ် ဟုတ်တာလည်းမဟုတ်ဘူးလို့ ထင်နေဦးမယ်"

"ဘာထူးလဲ ကိုယ့်ကိုလည်း တူသားမက်က ဒီလိုမျိုးမိန်းမကို ချော့နေမှန်းသိရင် ငပေါကြီးလို့ မြင်သွားမှာပေါ့"

"မြင်ပါစေပေါ့၊ ရှင်က ငပေါကြီးပဲဥစ္စာ၊ အဟီး"

ဦးလေး၏စကားကို ဒေါ်လေးက ရွတ်နောက်နောက်ဆိုသည်။

"ဘာငပေါကြီးလဲ၊ ကဲကွာ ပြောဦး ပြောဦး"

"အာ. . . လွှတ်ပါဆို၊ ဒါပဲနော်၊ ပြောထားပြီးသား၊ ညကျရင် သူတို့ကိုအားနာလို့ မကောင်းတတ်လို့ဆိုတဲ့ ပုံစံမျိုးနဲ့ အတူပြန်အိပ်ရအောင်"

ကြားရသောစကားလုံးများကြောင့် အပြင်မှာရပ်နေကြသော ကျွန်တော်တို့လင်မယား အော်ရယ်ချင်စိတ်ကို ထိန်းတာ နှစ်ယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက် မျက်ခုံးပင့်ပြဖြစ်ကြသည်။

"သူတို့နှစ်ယောက်က ပြေလည်မှုရသွားတာတောင်မှ မောင်တို့ကိုညာပြီး အကြည်ညိုခံချင်နေသေးတာ၊ ဒီပုံစံအတိုင်းဆို သူဘို့တွေပဲ မောင်တို့ကိုအားနာလို့ ခွဲအိပ်နေရာက ပြန်ပေါင်းအိပ်ဖို့



www.burmeseclassic.com

သဘောနဲ့ မောင်တို့ရဲ့လေးစားမှုကို ယူမဲ့ပုံပဲ၊ ဒီတော့"

"ပညာပြန်ပေးချင်တယ်ပေါ့ ဟုတ်လား"

"ဒါပေါ့၊ ဘယ်လိုလဲ ဖြစ်လား"

"သိပ်ဖြစ်တာပေါ့၊ မနက်ဖြန်ကစပြီး ရုံးပိတ်ရက်က အကြာကြီးပိတ်မှာဆိုတော့ လုံးဝဂွင်ပဲ၊ တစ်စက္ကန့်မှ အလွတ်မပေးဘဲနဲ့ ပညာပေးကြရအောင်"

နှစ်ယောက်သား ဖြောင်းခနဲနေအောင် လက်ဝါးရိုက်ဖြစ်ကြသည်။ ထို့နောက် ကျွန်တော်ကလည်း ချောင်းဟန့်ကာ အသံပြုဖြစ်သည်။

အခန်းထဲမှ တရှပ်ရှပ်ဖြင့် ပြေးသံအချို့ကို ကြားလိုက်ရသည်။ တစ်ယောက်တစ်နေရာစီခွဲကာ ခပ်တည်တည်ဖြင့် ကိုယ်စီအလုပ်ရှုပ်ချင်ယောင်ဆောင်နေသော ဦးလေးလင်မယားကို ဝင်ဝင်ချင်း တွေ့ရသည်။

"ဟော. . . နှစ်ယောက်သား အတူပြန်လာကြတာလား"

ဦးလေးက ဂျာနယ်ကို ဖတ်လက်စတိုင်ဖြင့် ဖတ်ချင်ယောင်ဆောင်နေရာက ကျွန်တော်တို့နှစ်ယောက်ကို လှမ်း၍မေးသည်။

"မဟုတ်ဘူး၊ ဒီတိုက်ရှေ့ရောက်မှဆုံတာ၊ သူ့လိုယောကျ်ားနဲ့ သမီးက အတူပြန်လာစရာလား၊ ကြည့်လို့ကိုမရဘူး"

"ဟေ"

ကျွန်တော့်ဇနီးဖြစ်သူ၏ စကားကြောင့် ဦးလေးက ဟေခနဲ အံ့အားသင့်ကာသွားသည်။ ပြီး ကျွန်တော့်ကို ဘယ်လိုလဲဟူသော သဘောဖြင့် လှမ်း၍ကြည့်သည်။





"ကျွန်တော်ကလည်း ဦးလေးလိုယောကျ်ားမျိုးပါ ဦးလေးရာ၊ ဘယ်မိန်းမမှ ချော့မော့ပြီး ပေါင်းမနေဘူး၊ လာပြီး စိတ်ကောက်တာတွေ၊ စိတ်ဖြောင့်တာတွေ လာမလုပ်နဲ့ လှည့်ကိုမကြည့်ဘူး မှတ်ထား"

မျက်နှာထိ မျက်နှာထားဖြင့်ဆိုသော ကျွန်တော့်စကားအဆုံးမှာ ဘာရယ်မဟုတ် ဦးလေးတို့လင်မယားကို မသိမသာ လှမ်းကြည့်လိုက်သောအခါ ဦးလေးနှင့် ဒေါ်လေးက တစ်ယောက်မျက်နှာတိုတစ်ယောက် လှမ်း၍ကြည့်သည်။ 'ဘယ်လိုလုပ်မလဲ'ဆိုသည့်သဘော။

"အောင်မာမာ ကျွန်မကလည်း အုန်းချစ်တဲ့၊ တစ်ချစ်ထဲရှိတယ်၊ ကျွန်မကလည်း ဒေါ်လေးလို မာနကို အမြဲတမ်း လက်တိုင်ထားတဲ့မိန်းမရှင့် သိလား၊ ရှင့်လိုယောကျ်ားကိုများ အောက်ကျို့ပြီး ချိုချိုသာသာဆက်ဆံနေမယ်ထင်လို့လား၊ ဝေးပါသေးတယ်"

"ဟဲ့. . . ဟဲ့ ဒီလိုမလုပ်ကြနဲ့လေကွယ်၊ ဒီလိုပဲ လင်နဲ့မယားဆိုတာ လျှာနဲ့သွားလိုပဲ ရန်ဖြစ်တတ်ကြတာပဲ၊ ဒေါသတွေ မာနတွေကို ရှေ့တန်းမထားပါနဲ့ကွယ်၊ သည်းခံကြမှပေါ့"

ဒေါ်လေးက မျက်စိပျက်မျက်နှာပျက်နှင့် ဆိုသည်။

"သည်းမခံနိုင်ဘူး ဒေါ်လေး၊ ဒေါ်လေးပဲ ယောကျ်ားတွေဆိုတာ ဒီလိုပထမဆုံးပြဿနာတက်ချိန်မှာ အလျှော့မပေးရဘူးဆို၊ ပထမတစ်ချီမှာ အလျှော့ပေးလိုက်ရင် တစ်သက်လုံး အလျှော့ပေးရမှာမို့လို့ ပညာကောင်းကောင်းပေးရမယ်ဆို"

"ဘာကွ. . . မင်းဒေါ်လေးက မင်းကို အဲဒီလိုပဲပြောတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဇနီး၏ စကားအဆုံးမှာ ဦးလေးက မျက်နှာကြီး နီလျက် ဇင်း၏မိန်းမကို လှမ်းကြည့်ကာ အမေးရှိသည်။

"ဟုတ်တယ်"

ဒေါ်လေးက မသိမသာ ခေါင်းခါပြနေသည့်ကြားက ကျွန်တော့်ဇနီးက ဟုတ်တယ်ဟု ဆိုသည်။

'မင်းကဒီလိုလား'ဟု ဦးလေးက သူ့မိန်းမကို လှမ်းကြည့်သည်။ ဦးလေး၏ဇနီးက မျက်နှာငယ်လေးဖြင့် သူမဟုတ်သလို လုပ်ကာနေသည်။

"ဒီမှာ မင်းအလျှော့မပေးလည်း ငါက ဂရုမစိုက်ဘူး ကြားလား"

ကျွန်တော်က ဒေါ်နှင့်မောနှင့်ဆိုရင်း မိန်းမဖြစ်သူကို မသိမသာ မျက်စိမှိတ်ပြဖြစ်သည်။

"အောင်မာ. . . ကျွန်မကလည်း ရှင့်ကိုရှိတယ်လို့တောင် မအောက်မေ့ဘူး၊ ဒီမှာ ဂျင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှ ကိုယ်ကြင် ပဲ၊ ကျွန်မကို တစ်သက်လုံး လုံးဝလာမခေါ်နဲ့ ဒါပဲ"

"ရတယ်ကွ၊ ရတယ်၊ ဒီတစ်သက်မဟုတ်ဘူး၊ ဆယ်သက် မခေါ်ဘူးမှတ်ထား"

ကျွန်တော်တို့လင်မယား တစ်ယောက်ကိုတစ်ယောက် ဒေါ်ဖြင့်မောဖြင့်ဆိုနေသည်ကို မျက်နှာငယ်လေးတွေဖြင့် ကြည့်နေကြသော ဦးလေးတို့လင်မယားကို ကြည့်ကာ ကျွန်တော် ရယ်ချင်နေမိသည်။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသလို မျက်နှာကို တတ်နိုင်သလောက် တင်းထားဖြစ်သည်။

ဦးလေးတို့လင်မယားနှစ်ယောက်ကတော့ မျက်စိသူငယ်၊





နားသူငယ်ဖြင့် သူတို့အချင်းချင်း လှမ်းလှမ်း၍ ကြည့်နေကြတော့ သည်။

××××



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့နှစ်ယောက်ကွာ
ပြောမရဆိုမရနဲ့
တော်တော်အသည်းမာကြတာပဲ၊
တစ်ယောက်နဲ့တစ်ယောက်
သူစိမ်းတွေမှ မဟုတ်ကြတာ၊

"ဘာပဲပြောပြောပေါ့ကွာ လင်မယားဆိုတာ မာနချင်းပြိုင်ကောင်းတာမျိုးမဟုတ်ဘူးကွ၊ ဒီတော့ ငါ့တူမဘက်ကလည်း လျှော့၊ ငါ့တူဘက်ကလည်းလျှော့"

ညနေစာစားအပြီးမှာ ဦးလေးက လေပြည်လေးဖြင့် ဆုံးမစကားဆိုသည်။ ဘယ်ဘူတာဆိုက်မည်ကို ကြိုသိပြီးသားမို့ ကျွန်တော်တို့လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက်အခိပ္ပာယ်ပါပါဖြင့် လှမ်းကြည့်ဖြစ်ကြသည်။

"တကယ်တော့ ဒေါ်လေးတို့လင်မယားက လူကြီးတွေဖြစ်ကြပြီးတော့ မင်းတို့ကို ဆုံးမပဲ့ပြင်ရမဲ့အစား ရှေ့ကနေ မာနပြိုင်ပြနေသလိုဖြစ်နေတယ်၊ ဒီတော့ ဒေါ်လေးတို့လင်မယားလည်း တစ်ယောက်ကိုတစ်ယောက် အလျှော့ပေးလိုက်တော့မယ်၊ ငါ့တူမတို့



လင်မယားလည်း တစ်ယောက်ကိုတစ်ယောက် အလျှော့ပေးပြီး ဒီနေ့ညကစ အတူပြန်အိပ်ကြတော့"

"အို. . . မအိပ်ဘူး၊ မအိပ်ဘူး၊ သူ့လိုအတ္တကြီးတဲ့ ယောကျ်ားနဲ့ သမီး အတူမအိပ်နိုင်ဘူး၊ ဒေါ်လေးနဲ့ပဲ အိပ်မယ်"

ဒေါ်လေး၏စကားအဆုံးမှာ ကျွန်တော့်ဇနီးက ခါးခါးသီးသီးငြင်းသည်။

"အောင်မာ ငါကလည်း မင်းလိုမာနကြီး၊ အတ္တကြီးတဲ့မိန်းမနဲ့ အိပ်ပါလိမ့်မယ် အားကြီးကြီး၊ မင်းနဲ့အိပ်မဲ့အစား ငါ့ဦးလေးနဲ့ပဲ ငါအိပ်မယ်၊ ဦးလေးကမှ မင်းထက် အပြုအစုပိုကောင်းသေးတယ်"

"ဘာကွ"

ကျွန်တော့်စကားအဆုံးမှာ ဦးလေးက 'ဘာကွ'ဟု ထအော်သည်။

"ည. . . တစ်ရေးနိုးလို့ ရာသီဥတုအေးရင် ဦးလေးက ကျွန်တော့်ကို စောင်လေးဘာလေး ခြုံခြုံပေးတတ်တယ်လေ၊ အဲဒါကို ပြောဝ...ပါဗျ"

ကျွန်တော့်စကားအဆုံးမှာ ဦးလေးက ယောကျ်ားကြီးတန်မဲ့ဖြင့် ကျွန်တော့်ကို မျက်စောင်းဖြင့်ကြည့်သည်။

ကျွန်တော့်ဇနီးကတော့ တစ်ချက်ပြုံးစိစိဖြစ်သွားပြီးမှ မျက်နှာကို ပြန်၍တည်သည်။ ဒေါ်လေးကတော့ ဟိုကြည့်လိုက် ဒီကြည့်လိုက်ဖြင့် မျက်လုံးလေး ကလယ်ကလယ် ဖြစ်နေရှာသည်။

"မင်းတို့နှစ်ယောက်ကွာ ပြောမရဆိုမရနဲ့ တော်တော်အသည်းမာကြတာပဲ၊ တစ်ယောက်နဲ့တစ်ယောက် သူစိမ်းတွေမှ မဟုတ်ကြတာ၊ လင်မယားပဲဖြစ်နေကြပြီ သည်းခံမှပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက စိတ်ရှုပ်လာဟန်ဖြင့် ဆိုသည်။

"အသည်းမာလို့ မဟုတ်ဘူးဦးလေး၊ အသည်းနာလို့ဗျ၊ အသည်းနာလို့၊ ဒီမိန်းမကို ဒီလောက်အတ္တကြီးမယ်လို့ ထင်မထားဘူး"

"ဟုတ်တယ်၊ အတ္တကြီးတယ် ဘာဖြစ်လဲ၊ အခု အတ္တကြီးမှန်းသိပြီမဟုတ်လား၊ ရှင်ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲပြော"

"မင်းမျက်နှာကို မကြည့်ချင်ဘူး၊ မင်းနဲ့လည်း မအိပ်ဘူးဒါပဲ"

"မအိပ်နဲ့၊ မအိပ်နဲ့၊ ရှင့်လိုလူကို စာရင်းထဲတောင် မထည့်ဘူး၊ အိပ်မက်ထဲတောင် ထည့်မမက်ဘူး မှတ်ထား၊ အုန်းချစ်တဲ့တစ်ချစ်ပဲရှိတယ်၊ ဟွန်း"

တစ်ယောက်တစ်ခွန်းစီ ငြင်းခုန်နေကြသော ကျွန်တော်တို့ကို ဦးလေးက

"တော်ကြပါတော့ကွာ၊ မင်းတို့ကလည်း"

ဟု စိတ်ပျက်လက်ပျက်ဖြင့် ဆိုသည်။

"အခုမှပြောမနေနဲ့၊ အဲဒါ ရှင့်ကြောင့်ဖြစ်တာ"

ဒေါ်လေးက ဘာစိတ်ကူးပေါက်လာသည်မသိ ဦးလေးကိုကြည့်ရင်း ခပ်တင်းတင်းဆိုသည်။

"ဘာကွ"

"ဘာကွ လုပ်မနေနဲ့၊ အစောကြီးကတည်းက ကလေးတွေကိုဖျောင်းဖျောင်းဖျဖျမလုပ်ဘဲ မြှောက်ပေးခဲ့တာလေ၊ ရှင့်ကြောင့်ကလေးတွေ ဒါမျိုးဖြစ်နေတာ"

ပြောပြီး ထမင်းဝိုင်းက ဝုန်းခနဲထသွားသော ဒေါ်လေးကိုကြည့်ပြီး ဦးလေးက ပါးစပ်ကြီးဟ အံ့အားသင့်လို့နေသည်။

ဒေါ်လေးထသွားသည်ကို အံ့အားတသင့်ဖြင့် လိုက်ကြည့်နေသော ဦးလေးကိုကြည့်ရင်း ကျွန်တော်တို့လင်မယားနှစ်ယောက်တစ်ယောက်ကိုတစ်ယောက် မသိမသာ မျက်စိမှိတ်ပြဖြစ်ရင်း ပြုံးမိကြသည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



၆

မင်းမသိလို့ကွ၊
ဦးလေးတို့လင်မယားကို
ဒါမျိုးစရတာ ပျော်စရာကြီး၊
နောက်ဆို
စိတ်ဆိုးစိတ်ကောက်ကြပါဆိုရင်တောင်
စိတ်ဆိုးကြတော့မှာ မဟုတ်ဘူး

"မင်းတို့ကလည်းကွာ မလုပ်ကောင်းပါဘူး၊ တော်ကြာ ပြည်တဲ်သွားရာ ဓာတ်သက်ပါဆိုသလို ရန်ဖြစ်ချင်ယောင်ဆောင်ရင်း နဲ့ အဟုတ်ရန်ဖြစ်နေရပါဦးမယ်"

ခန့်ပိုင်ဦးက ကျွန်တော့်စကားအဆုံးမှာ ထင်မြင်ချက်ပေးသည်။

"မင်းမသိလို့ကွ၊ ဦးလေးတို့လင်မယားကို ဒါမျိုးစရတာ ပျော်စရာကြီး၊ နောက်ဆို စိတ်ဆိုးစိတ်ကောက်ကြပါဆိုရင်တောင် စိတ်ဆိုးကြတော့မှာ မဟုတ်ဘူး"

"သူများလင်မယားကို စချင်နောက်ချင်နေရတာနဲ့ မင်းတို့ လင်မယားပါ အတူမအိပ်ရတော့ဘူးပေါ့"

ရာဇာက ပြုံးစိစိဖြင့်ဆိုသည်။





"ပြဿနာမရှိပါဘူးကွာ၊ နောက်မှပဲ အတိုးချပြီး ချစ်တော့ မယ်၊ လောလောဆယ် ဦးလေးလင်မယားကို ဆက်စလိုက်ဦးမယ်၊ နှစ်ရက်သုံးရက်လောက်ပေါ့"

"သူများအကျိုးဖျက်ရင် ကိုယ်အကျိုးပျက်တတ်တယ်နော်၊ သူများအကျိုးဆောင်မှ ကိုယ့်အကျိုးအောင်မှာ"

မင်းသူရက ဆရာကြီးအထာဖြင့် ဆိုသည်။

"ဒါဖြင့် မင်းအခု လက်ဖက်ရည်ဆိုင်လာတော့ အိမ်မှာ ဘယ်သူကျန်ခဲ့လဲ"

ရာဇာက ကျွန်တော့်ကို မေးဆတ်ရင်းမေးသည်။

"အိမ်မှာ ဦးလေးလင်မယားနဲ့ ငါ့မိန်းမနဲ့ ကျန်ခဲ့တယ်၊ မိန်းမ ကို လုံးဝအလွတ်မပေးဘဲ စောင့်ကြည့်ထားလို့ တိုးတိုးတိတ်တိတ် စာရေးပြီးမှာခဲ့တယ်"

"ခိုးကြောင်ခိုးဝှက်ကြီးပေါ့ ဟုတ်လား၊ ကောင်းတယ် သူများ ကို ဒုက္ခပေးချင်တာကိုး"

ခန့်ပိုင်ဦးက အရယ်တစ်ဝက်ဖြင့်မေးသည်။

"အေးကွ . . . တစ်မျိုးတော့ ပျော်စရာကောင်းတယ်၊ ငါ့မိန်းမနဲ့ ငါကွာ အခု ကိုယ့်အိမ်နဲ့ကိုယ်တောင်မှ စကားပြောစရာ ရှိရင်တောင် စာခိုးပေးပြီး ဆက်သွယ်နေရတယ်"

ကျွန်တော့်စကားကြောင့် အားလုံးက ရယ်ကြသည်၊ ရာဇာ က

"အဲဒါကြောင့်ပြောတာပေါ့၊ သူများအကျိုးဖျက်ရင် ကိုယ့် အကျိုးပျက်တယ်လို့"ဟု ဆိုသည်၊

"ဒီတစ်ရက်နှစ်ရက်ထဲပါပဲကွာ"ဟု ကျွန်တော်ဆိုဖြစ်သည်၊

××××



www.burmeseclassic.com

www.burmeseclassic.com

He who has a good wife
can bear any evil.

**Spanish Proverb**

လိမ္မာကောင်းတစ်ယောက် ရှိသူသည်ကား
မည်သို့သောဆိုးအကျိုကိုမဆို
ခံနိုင်ရည်ရှိလေသည်။

××××

၅

အို. . .
ဒေါ်လေးတလည်း
အိမ်ဦးနတ်ဆိုရင်လည်း
အိမ်ဦး နတ်ပီပီ
တိုယ့်မိန်းမကို
တိုယ်စောင့်ရှောက်မှပေါ့၊
ခုဟာက

"အဲဒီ စပိန်စကားပုံလိုပေါ့ ငါ့တူရာ ချစ်စရာကောင်းတဲ့ ငါ့ဟူမအချော့အလှလေးကို ရထားမှတော့ သူ့ရဲ့အကျင့်လေးတွေတို တော့ ခံနိုင်ရည်ရှိရမှာပေါ့။ လင်မယားဆိုတာ အဲဒီလို အကြာကြီး စိတ်ကောက်စိတ်ဆိုးနေတာ မကောင်းဘူးကွ"

"အာ. . . ဦးလေးကလည်း အဲဒီတုန်းက သူပဲ ကျွန်တော့်ကို အကျင့်မကောင်းဘူးလို့ပြောတာ ဦးလေးလည်းကြားမှာပါ၊ မနေ့ ရှေ့တစ်နေ့ကလည်း ပြောတယ်လေ၊ အတ္တကြီးတဲ့ ယောက်ျားလို့၊ သည်းခံချင်ပေမဲ့ သည်းမခံနိုင်ဘူး၊ နေပါစေ မှတ်လောက်သား လောက်အောင်ကို ပြစ်ထားဦးမယ်"

"ဒုက္ခပါပဲကွာ"

ကျွန်တော့်စကားအဆုံးမှာ ဦးလေးက 'ဒုက္ခပါပဲကွာ'လို့ဆို

www.burmeseclassic.com

www.burmeseclassic.com



ရှင်း ခေါင်းကို တဗျင်းဗျင်းကုတ်သည်။

တစ်ဘက်က မီးဖိုခန်းမှာလည်း ကျွန်တော့်မိန်းမကို ဒေါ်လေး ဖျောင်းဖျနေသောစကားသံက တစ်ချက်တစ်ချက် အိမ်ဦးခန်းထိ ကြားနေရသည်။

"သမီးရယ် ယောကျ်ားကိုတော့ ကလန်ကဆန်မလုပ်ပါနဲ့၊ ဘာပဲပြောပြော သူတို့က အိမ်ဦးနတ်ပဲဥစ္စာ"

"အို. . . ဒေါ်လေးကလည်း အိမ်ဦးနတ်ဆိုရင်လည်း အိမ်ဦးနတ်ပီပီ ကိုယ့်မိန်းမကို ကိုယ်စောင့်ရှောက်မှပေါ့၊ ခုဟာက လူကိုပဲ စကားပြောတာ လူပါးဝသလေးဘာလေးနဲ့"

"ဩော်. . . စိတ်ဆိုးတုန်းခဏ ဘာရယ်မဟုတ်ဘူး လွှတ်ခနဲ ပြောမိတာပါ၊ သူ့ခမျာ စိတ်ထဲကပါလို့ ဟုတ်ဟန်မတူပါဘူး"

ဒေါ်လေး၏စကားကြောင့် ကျွန်တော် ပြုံးဖြစ်သည်။ ခုကျတော့လည်း တစ်မျိုးဟု၊ ကျွန်တော့်ဇနီး၏စကားသံက ထွက်လာပြန်သည်။

"ဒေါ်လေးနော် ကိုယ့်တူမဘက်ကမနေဘဲနဲ့ အဲဒီလူဘက်က ဖာဖာထေးထေး လိုက်ပြောပေးမနေနဲ့၊ ဘာပဲပြောပြော မှတ်လောက်သားလောက်အောင်ကို စိတ်ကောက်ပစ်လိုက်ဦးမယ်၊ ဒေါ်လေးပဲ ပြောတယ်လေ ပထမဆုံးရန်ဖြစ်တာကို အလျှော့ပေးလိုက်ရင် တစ်သက်လုံးနိုင်တော့မှာဆို"

"အေး. . . အဲဒါက မပြောတတ်တော့ပါဘူးအေ"

ဒေါ်လေး၏ စိတ်ပျက်လက်ပျက်အသံကြီးကို ကြားနေရသည်။ ဦးလေးကို လှမ်းကြည့်တော့လည်း ကြံရာမရဟန်ကြီးဖြင့် ငိုင်တွေတာနေသည်။



ထိုစဉ်မှာပင် မီးဖိုခန်းထဲမှ ကျွန်တော့်ဇနီးက ဦးလေးရှေ့တို ဈေးခြင်းဆွဲလျက် လျှောက်ကာလာသည်။ ပြီး ဦးလေးရှေ့မှာဝင်ထိုင်၍

"ဦးလေး. . . သမီးဈေးသွားမလို့ ဦးလေး ဘာစားချင်လဲ" ဟု မေးသည်။

"ဘာ. . . မှ မစားချင်ပါဘူးကွယ်"

ဦးလေးက စိတ်ပျက်လက်ပျက်ဖြင့် ပြန်ဖြေရင်းက ရုတ်တရက် ဝမ်းသာအားရဖြင့် လျော့တိလျော့ရဲထိုင်နေရာက မတ်မတ်ထထိုင်သည်။ ပြီး

"အတော်ပဲ သမီးကချက်ရပြုတ်ရနဲ့ ပင်ပန်းနေမှာပဲ၊ ဈေးသွားရင် ငါ့တူလေး သက်ခိုင်ကိုပါခေါ်သွား၊ လင်မယားဆိုတာ သွားအတူလာအတူမှကောင်းတယ်"

"အို. . . သမီး သူနဲ့မသွားချင်ပါဘူး"

"အောင်မာ. . . ငါကရော မင်းနဲ့လိုက်ချင်တယ်ထင်လို့လား"

ဦးလေး၏စကားအဆုံးမှာ သူမက ငြင်းသလို ကျွန်တော်လည်း ထ၍ဆိုဖြစ်သည်။ ဦးလေးက ထိုင်နေရာမှ ထရပ်သည်။

"မင်းတို့မပြောချင်လို့ ကြည့်နေတာ၊ အကောင်းမှတ်နေကြလား၊ သွား အခုချက်ချင်း ဈေးကို နှစ်ယောက်အတူသွားစမ်း၊ ဘာစိတ်ကောက်တာလဲ၊ မပြောချင်လို့ကြည့်နေတာကို အကောင်းမှတ်နေလား၊ ငါ နှစ်ယောက်စလုံး ပိတ်တီးမိတော့မယ်၊ သွား အခုအတူသွား"

ထရပ်ကာ အော်လိုက်သော ဦးလေး၏အော်သံကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ရော မိန်းမပါ အံ့အားသင့်သွားရသည်။ အံ့ဩဆို ဤသို့ ထအော်လိမ့်မည်ဟု ထင်မှတ်မထားခဲ့သည်ကိုး။

"အခုမသွားသေးဘူးလား"

ဦးလေးက ခါးထောက်ရင်း ပြူးတီပြူးကြောင်ကြည့်နေသော ကျွန်တော်တို့လင်မယားကို မသွားသေးဘူးလားဟု ဆိုသည်။

"ဟုတ်. . . ဟုတ်ကဲ့ သွားပါမယ်၊ လာ အုန်းချစ် သွားမယ်"

ကြောက်ချင်ယောင်ဆောင်ကာ ဈေးခြင်းကိုင်ထားသော မိန်းမကို လှမ်းခေါ်ပြီး အိမ်ပြင်ကို ထွက်လာခဲ့ဖြစ်သည်။

ကျွန်တော့်ဇနီးလည်း ကျွန်တော့်နောက်သို့ ကုတ်ချောင်း ကုတ်ချောင်းဖြင့် အခန်းအပြင်သို့ လိုက်ထွက်ကာလာသည်။

xxxx





၅

ကိုကို
အပျက်အပျက်နဲ့
နှာခေါင်းသွေးထွက်တော့မှာပဲ၊
သူတို့နှစ်ယောက်ကိုကြည့်ရတာ
တစ်ယောက်ကိုတစ်ယောက်
အကြာကြီး နှာတစ်မဲ့သဘောပဲ၊

အိမ်ထဲမှ နှစ်ယောက်သား ကုတ်ကွကုတ်ကွဖြင့် ထွက်လာကာ အပြင်သို့ရောက်ရောက်ချင်း နှစ်ယောက်သား တံခါးဝမှာ နားကပ်ကာ ဦးလေးလင်မယား ပြောကြမည့်စကားသံကို နားစွင့်မိသည်။

"ကိုကို အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တော့မှာပဲ၊ သူတို့နှစ်ယောက်ကိုကြည့်ရတာ တစ်ယောက်ကိုတစ်ယောက် အကြာကြီး နှာကစ်မဲ့သဘောပဲ၊ ဒီအတိုင်းဆို ဒီညလည်း ခင်တို့ခွဲအိပ်ရဦး မယ်ထင်တယ်"

ဦးလေး၏ မိန်းမစကားအဆုံးမှာ ဦးလေး၏စကားသံ ထွက်ကာလာသည်။

"အာ. . . ခင်ကလည်း ညံ့လိုက်တာ၊ အနုနည်းနဲ့မရရင်



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းနည်းသုံးရမှာပေါ့၊ စောစောက ကိုယ်အော်လိုက်တော့ နှစ်ယောက်စလုံး လန့်ဖြန့်ပြီး ဖိန့်ဖိန့်တုန်သွားတာ မြင်တယ်မဟုတ်လား"

"အင်း. . . အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ ညနေကျရင် သူတို့နှစ်ယောက်ကို ပေါင်းအိပ်ဖို့ ပြောကြည့်မယ်၊ ကောင်းကောင်းပြောလို့မရရင် စောစောကလို ဗွီဒိုအာဏာသုံးပြီး အော်ပစ်ရမှာပဲ၊ ခပ်တည်တည်ပေါ့၊ ကဲပါ အဲဒီကိစ္စကို စိတ်ပူမနေနဲ့၊ ကလေးတွေလစ်တုန်း မိန်းမကို ဖက်ကြည့်ပါဦးမယ်၊ ကိုယ့်မိန်းမကို တစ်စက်ကလေးမှ မထိရတာ ဘယ်နှရက်တောင်ရှိပြီလဲ"

"အို. . . ကိုကိုနော်"

ကြားရသောစကားသံတို့ကြောင့် ကျွန်တော့်မိန်းမက မျက်ခုံးပင့်ပြသည်။ သဘောက ဘာလုပ်မလဲဆိုသည့်သဘော။ အသာနေဟု လက်ကာပြပြီး ကျွန်တော် တံခါးကိုဖွင့်ကာ အိမ်ထဲဝင်ဖြစ်သည်။

အိမ်ထဲ ရုတ်တရက်ဝင်လာသော ကျွန်တော့်ကြောင့် ဦးလေးခမျာ ဒေါ်လေးကိုဖက်ရန်ပြင်နေရာက ကမန်းကတန်း ကိုယ်ရှိန်သတ်ကာ ခေါင်းကုတ်သလို၊ ဇက်ချိုးသလို အိုးတိုးအန်းတန်းကြီးဖြစ်ကာနေရင်းက. . .

"မင်းက ဈေးအတူလိုက်သွားဆိုတာ လိုက်မသွားဘူးလား"

ဟု ရှက်အမ်းအမ်းဖြင့်ဆိုသည်။

"အိမ်အောက်ရောက်ပြီးမှ ထီးမေ့ကျန်ခဲ့လို့ ပြန်ယူတာ"

"အိမ်အောက်ရောက်သွားပြီးမှများ ထီးကို ပြန်လာယူနေရသေးတယ်ကွယ်၊ ဈေးနဲ့ ဒီနဲ့ ဝေးတာလည်းမဟုတ်ဘဲနဲ့"





ဒေါ်လေးက မဲ့ကာရွဲ့ကာဖြင့် ဆိုလာသည်မို့ ရယ်ချင်စိတ်ကို ကြိတ်မှိတ်ကာ အောင့်အီးထားရသည်။

"ဒါဆိုလည်း ဒီအတိုင်းပဲ သွားတော့မယ်"

"ဟဲ့. . . ဒီအထိပြန်တက်လာပြီးမှတော့ ယူသွားလိုက်တော့လေ၊ မပြောလိုက်ချင်ဘူး ကြောင်တောင်တောင်နဲ့"

"ဟုတ်ကဲ့၊ ဒါဆို ယူသွားလိုက်မယ်၊ ဒေါ်လေး ဈေးကို ဘာမှာဦးမလဲဟင်"

"ဘာမှမမှာဘူး"

ကျွန်တော့်အမေးကို ဒေါ်လေးက ဆောင့်ဆောင့်အောင့်အောင့်ဖြင့် 'ဘာမှမမှာဘူး'ဟု ဆိုသည်။

"ဦးလေးရော ဘာမှာဦးမလဲ"

"မှာစရာမရှိပါဘူးကွာ"

စိတ်မရှည်လက်မရှည်ဖြင့် ဦးလေးက ဖြေသည်။

"ဒါဖြင့် ကျွန်တော် လိုက်သွားလိုက်ဦးမယ်"

"အေး. . . သွား"

'အေး. . သွား'ဟု ဦးလေးက ခပ်ဆောင့်ဆောင့်ဖြင့် ဆိုလာသည်မို့ ကျွန်တော် ရယ်ချင်စိတ်ကိုထိန်းရင်း ခပ်သုတ်သုတ်ထွက်လာဖြစ်သည်။

ခပ်သုတ်သုတ် ထွက်မလာဘဲ ဦးလေးတို့ရှေ့မှာ ဆက်နေပါက အော်ရယ်မိတော့မည်ကိုး။ အိမ်ခန်းအပြင်တွင် ပုန်းကာစောင့်နေသော ဇနီးဖြစ်သူနှင့် ဈေးသို့ထွက်လာရင်းက လမ်းပေါ်အရောက်မှာ နှစ်ယောက်သား ဝါးခနဲ ရယ်ဖြစ်ကြသည်။

"ချစ်ရဲ့ဦးလေးက တကယ်ရယ်ရတယ်ကွာ၊ တကယ့်တို



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တောတောကြီး"

"အောင်မာ. . . မာ သူများဦးလေးကို ပြောစရာလား"ဟု သူမ မျက်စောင်းထိုးရင်းက ဆိုသည်။

"သူတူမက ပေါ်တောတောကြီးဖြစ်နေပါတယ်လို့ တွေးနေတာ၊ လက်စသတ်တော့ သူဦးလေးက ပေါ်တောတောကြီး ဖြစ်နေ့လို့ကိုး"

"အောင်မာ မာ အဲဒီပေါ်တောတောကြီးကိုပဲ မရရင်သေတော့မလိုဖြစ်နေလို့ ဒီကယူထားပေးရတာပါနော်"

ကျွန်တော့်မိန်းမ၏ တုံ့ပြန်စကားကြောင့် ကျွန်တော် ရယ်ဖြစ်သည်။

"ဒီကကောင်ကလည်း လူ့အသက်တစ်ချောင်းကို ကယ်ကောင်းပါတယ်လေလို့တွေးပြီး ဒီကအုန်းချစ်ဆိုတဲ့ ပေါ်တောတောကလေးမကို ယူထားပေးရတာ၊ သူ့ခမျာ ဒီကကောင်ဆီက ချစ်တယ်ဆိုတဲ့စကား မကြားရရင် အဆိပ်သောက်သေတော့မယ့်အတိုင်း ရေလာမြှောင်းပေးလုပ်လွန်းလို့ အားနာပါးနာနဲ့ ချစ်လိုက်ရတာ"

"မောင်မာမာ ယောကျ်ားရင့်မကြီးလုပ်ပြီးတော့ ပြောတတ်လိုက်တာ နစ်နာနေပါဦးမယ်"

ပြောပြောဆိုဆိုဖြင့် သူမက ကျွန်တော့်ဗိုက်ခေါက်ကို ဆွဲလိမ်သည်မို့ ကျွန်တော် ရှောင်ဖြစ်သည်။

"မချစ်တော့ဘဲနေလိုက်မှာနော်၊ လူကို ဗိုက်ခေါက်ဆွဲလိုက်၊ ပခုံးရိုက်လိုက်မလုပ်နဲ့၊ မချစ်တော့ဘူးလို့ပြောလိုက်မှ အိမ်ပြန်ပြီး ခြေဆင်းငိုနေရမယ်၊ အဟမ်း အဟမ်း"

"အောင်မာ ဟ ရှုပ်ကိုက"





"ချစ်စရာလေး မဟုတ်လား"

"မုန်းစရာကြီး"

ပြောင်ချော်ချော်ကြီးလုပ်နေသော ကျွန်တော့်ကို မုန်းစရာကြီးဟုဆိုရင်း သူမက ရှက်တက်တက်ဖြင့် ရယ်သည်။

ဘဝက အိမ်မှာမကြည်နူးရပါဘဲ အပြင်မှာထွက်ကာ ကြည်နူးရသည့်ဘဝ ဖြစ်ကာနေသည်။

အရင်ဘဝက ဘာမကောင်းမှုတွေများ လုပ်ခဲ့မိသည်မသိ။

xxxx



www.burmeseclassic.com

www.burmeseclassic.com

The best women are those
of which one speaks the least.

အကောင်းဆုံးသော မိန်းမဆိုသည်မှာ
စကားအနည်းဆုံးသော မိန်းမကိုဆိုလိုသည်၊

**Silesiam Proverb**

××××



မင်းတို့နှစ်ယောက်
ပေါင်းအိပ်ကြ၊
ငါတို့လည်းဒီည
မကောင်းတတ်လို့
ပြန်ပေါင်းအိပ်ပေမယ်

အိမ်သို့ပြန်ရောက်သောအခါ ဦးလေးလင်မယားတ
တစ်ယောက်နှင့်တစ်ယောက် အဝေးကြီးမှာ ရုပ်တည်ကြီးတွေနှင့်
မိန့်မိန့်ကြီးထိုင်ကာနေသည်။

ကျွန်တော်တို့နှစ်ယောက်လည်း မျက်နှာပိုးသေလေးတွေဖြင့်
အသာဝင်ခဲ့ဖြစ်ကြသည်။

"ဆွဲခြင်းထားပြီးရင် နှစ်ယောက်စလုံးလာခဲ့ဦး"

ဦးလေး၏အဆိုကြောင့် ဟုတ်ကဲ့ဟုဆိုရင်း နှစ်ယောက်သား
မီးဖိုခန်းထဲဝင်ခဲ့ဖြစ်ကြသည်။ မီးဖိုခန်းထဲ ရောက်လျှင်ရောက်ချင်း

"ဘာတွေပြောဦးမလို့လဲ မသိဘူး"

ဟု သူမကဆိုသည်။

"မင်းတို့နှစ်ယောက်ပေါင်းအိပ်ကြ၊ ငါတို့လည်း ဒီည



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတတ်လို့ ပြန်ပေါင်းအိပ်ပေးမယ်လို့ ပြောမလို့ထင်ပါတယ်"

"ဟုတ်ပါလိမ့်မယ်"ဟု သူမက ရေရွတ်သည်။

"မယုံရင် နားထောင်ထားလိုက်ပါ၊ ကိုယ်တို့က မြွေမြွေချင်း ခြေမြင်ပြီးသား၊ ဘာကြေးလောင်းမလဲ၊ သေချာပေါက် အဲဒါပဲပြောမှာ"

ကျွန်တော့်စကားအဆုံးမှာ သူမက

"ကြည့်ကြသေးတာပေါ့"

ဟု ဆွဲခြင်းကိုထားရင်းက ဆိုသည်။

"ဘာကြေးလောင်းမလဲလို့ဆို၊ ကဲ ဒီလိုလုပ် ကိုယ်ပြောတာ မှန်ရင် ချစ်က ကိုယ့်ကို အာဘွားပေး၊ ကိုယ်ခန့်မှန်းတာမှားရင် ကိုယ်က ချစ်ကို အာဘွားပေးမယ်၊ ဘယ်လိုလဲ"

ရယ်ကျဲကျဲဖြင့်ဆိုသော ကျွန်တော့်စကားကြောင့် သူမက ရှက်အမ်းအမ်းဖြင့် ဒိုင်းခနဲ မျက်စောင်းထိုးသည်။ ပြီး

"ဒီလောင်းကြေးက မောင့်အတွက် အရမ်းနစ်နာနေမှာပေါ့ မောင်ရဲ့၊ လောင်းရမှာ အားနာစရာကြီး"

ဟု ခပ်ရွဲ့ရွဲ့ဆိုသည်။

"ရတယ်၊ ရတယ်၊ နစ်နာစမ်းပါစေ၊ မောင်ကယောကျ်ားပဲ ဥစ္စာ၊ အနာခံစရာရှိ မောင်ပဲအနာခံရမှာပေါ့၊ စံစရာရှိရင် မောင့်ရဲ့ မိန်းမပဲစံ၊ ဟုတ်ပြီလား၊ အဟဲဟဲ"

ပြောပြီး ကျွန်တော်ရယ်ဖြစ်သည်။

"ဟိုနှစ်ယောက် မီးဖိုခန်းထဲမှာ တိုးတိုးတိုးတိုးနဲ့ ကြိတ်ပြီး ရန်ဖြစ်နေကြတာလား၊ အိမ်ရှေ့ကို မြန်မြန်လာပါဆို၊ အခုထိ မလာ သေးဘူးလား"





"လာပါပြီ ဦးလေး"

ဦးလေး၏ခေါ်သံကို နှစ်ယောက်သား လာပါပြီဟုဆိုရင်း ပြောင်ချော်ချော်ဖြစ်နေသော မျက်နှာများကို ကိုယ်စီမျက်နှာပိုးသတ် ဖြစ်ကြသည်။ တကယ်တမ်း ရောက်သွားတော့လည်း ဦးလေးက ဘာမှ မဆို။ 'ညနေခင်းကျ ပြောစရာရှိတယ်'ဟုသာဆိုသည်။

××××



www.burmeseclassic.com

www.burmeseclassic.com



# ၆

ဒါပေါ့ကွ၊
သိပ်ကြာလာရင်
သားတို့သမီးတို့အိမ်က
ဦးလေးတို့လင်မယား၊
ကပ်နေ'နေတဲ့ကိစ္စကို
သိသွားရင်မကောင်းဘူး၊
ပြီးတော့
ဦးလေးတို့ရှိတော့
မင်းတို့လည်း
လွတ်လွတ်လပ်လပ်
ဘယ်နေရပ့ါ မလဲ

ညနေစာစားပြီးချိန်. . .

ဦးလေး၏ရှေ့မှာ နှစ်ယောက်သား ထိုင်ဖြစ်ကြသောအခါ ဦးလေးက စကားပြောရန် ချောင်းကိုအရင်ဟန့်သည်။ ပြီးမှ. . .

"မင်းတို့နှစ်ယောက် ဒီနေ့ကစပြီး တည့်တည့်နေကြတော့မှ ဖြစ်မယ်၊ ဦးလေးတို့လည်း မင်းတို့နဲ့ အမြဲမနေနိုင်တော့ အမြဲတမ်းလည်း ဖျန်ဖြေမပေးနိုင်ဘူး"

ဦးလေး၏စကားကြောင့် ကျွန်တော်တို့လင်မယား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်ကြသည်။

"စောစောကပဲ ဟိုတစ်ခေါက်က အိမ်ပွဲစားလာသွားတယ်၊





ဟိုတစ်ခါက ဦးလေးတို့ကြိုက်ပြီး မငှားလိုက်ရတဲ့အခန်းကို ဝယ်လိုက်တဲ့ အိမ်ခန်းပိုင်ရှင်အသစ်က အဲဒီအခန်းကိုငှားဖို့ သူ့ကို သော့လာအပ်သွားတယ်တဲ့၊ အဲဒါ ဒီတစ်ပတ်ထဲမှာ ဦးလေးနဲ့ မင်းတို့ဒေါ်လေး ပြောင်းလာခဲ့မယ်လို့ပြောပြီး အခန်းအတွက် စရန်သတ်လိုက်ပြီ"

ဦးလေးက စကားကိုဖြတ်ရင်း ကျွန်တော်တို့နှစ်ယောက်ကို ကြည့်သည်။

"ဒါဆို ဦးလေးတို့က အဲဒီအခန်းကို ပြောင်းတော့မှာပေါ့"

တကယ်တမ်း ပြောင်းတော့မည်ဆိုတော့လည်း စိတ်ထဲမှာ သိပ်မကောင်းလှသည်မို့ ကျွန်တော် မေးဖြစ်သည်။

"ဒါပေါ့ကွ၊ သိပ်ကြာလာရင် သားတို့သမီးတို့အိမ်က ဦးလေးတို့လင်မယား ကပ်နေနေတဲ့ကိစ္စကို သိသွားရင်မကောင်းဘူး၊ ပြီးတော့ ဦးလေးတို့ရှိတော့ မင်းတို့လည်း လွတ်လွတ်လပ်လပ် ဘယ်နေရပ့ါမလဲ"

"အာ. . . အဲဒီလိုလည်းမဟုတ်ပါဘူး၊ သမီးတို့က ဦးလေးတို့လင်မယား ရှိနေတော့ ဘာပဲပြောပြော အားကိုးဖို့ရှိတာပေါ့"

ကျွန်တော့်မိန်းမက ခေါင်းငုံ့ထားရင်းက ဆိုသည်။

"ဒီလိုလည်း ဘယ်ဟုတ်ပ့ါမလဲ ငါ့တူမရယ်၊ လင်ရယ်မယားရယ် ဖြစ်လာမှတော့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်အားကိုးကြရင်း ဒီလိုပဲ ဖြတ်သန်းရမှာပေါ့၊ ဒီတော့ သမီးကလည်း ယောကျ်ားကို ပွစိပွစိမလုပ်နဲ့၊ အကောင်းဆုံးမိန်းမဆိုတာ စကားအနည်းဆုံးမိန်းမကို ခေါ်တာတဲ့၊ ဒီတော့ စကားကို တတ်နိုင်သလောက် နည်းနည်းပဲပြော"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး၏စကားအဆုံးမှာ ဒေါ်လေးက အောင့်သက်သက် ဖြစ်သွား၍လားမသိ ချောင်းကို တမင်ဟန့်သည်။

"ငါ့တူ မင်းကလည်း ယောကျ်ားဆိုတာ အိမ်ဦးနတ်ပဲဆိုပြီး တော့ အရာရာကို ငါမှငါပဲလို့ မဆုံးဖြတ်နဲ့၊ မိန်းမက ညာရမယ်ကြား လား"

"ဟုတ်ကဲ့"

ဦးလေး၏စကားကို ကျွန်တော် ခေါင်းညိတ်ဖြစ်သည်။

"ကဲ ကဲ အိပ်ကြတော့၊ ခင် ကိုယ်တို့အိပ်ရအောင်"

ဦးလေးက ပြောပြောဆိုဆို အိပ်ခန်းထဲဝင်ကာသွားသည်။ ဒေါ်လေးကလည်း ရှက်ကိုးရှက်ကန်းဖြင့် နောက်မှနေ လိုက်ဝင်ကာ သွားသည်။

ဘာရယ်မဟုတ် မိန်းမဖြစ်သူကို ကျွန်တော် ပခုံးတွန့်ပြဖြစ် သည်။

"ဦးလေးလင်မယား မရှိတော့ရင် ပျင်းစရာကြီးနော်"

သူမက ခပ်တိုးတိုးရေရွတ်သည်။

"အာ. . . စိတ်ချ မပျင်းစေရဘူး၊ ကိုယ်အာမခံတယ်၊ အဟဲ"

ရယ်ကျဲကျဲဖြင့်ဆိုသော ကျွန်တော့်စကားကြောင့် သူမက ရှက်ဝဲဝဲဖြင့် မုန်းစရာကြီးဟုဆိုရင်း ဒိုင်းခနဲ မျက်စောင်းထိုးသည်။

ဘာရယ်မဟုတ် ခွဲအိပ်နေရသည်မှာ ရက်အနည်းငယ်ရှိပြီ ဖြစ်သော ချစ်ဇနီး၏ ရှက်ဝဲဝဲမျက်နှာနုနုလေးက ဒီညမှ ပိုချစ်စရာ ကောင်းနေသလားဟု ကျွန်တော်တွေးဖြစ်သည်။

ချစ်ဇနီး၏မျက်နှာနုနုလေးဆီ ကျွန်တော်တိုးကပ်၍အသွား

"သမီးရေ"



ရုတ်တရက်ကြီး ထအော်လာသော ဦးလေး၏ခေါ်သံကြောင့် နှစ်ယောက်သား လန့်ဖျန့်ကာသွားရသည်။

"ရှင်"ဟု ကျွန်တော့်ဇနီးက ထူးသည်။

"ဦးတို့လင်မယားကို တစ်ချက်လောက် လာနှိပ်ပေးပါဦး ကွာ၊ ဒီမှာ မျက်လုံးတွေကြောင်ပြီး အိပ်မရလို့"

"လာပါပြီခင်ဗျ"

ကျွန်တော့်စိတ်ထဲ ခပ်တင်းတင်းရှိသည်မို့ တမင်ရွဲ့ကာ ထအော်ဖြစ်သည်။ အော်ဖြစ်ဆို ကိုယ့်ခံစားချက်နှင့်ကိုယ်ကိုး။

××××

www.burmeseclassic.com



သူ့ခမျာ
မင်္ဂလာဆောင်ပြီးတာပဲ
ကြာလှပြီ၊ အခုထိ
မင်္ဂလာမွေ့ရာပေါ်မှာ
တစ်ညမှ
မအိပ်ရသေးဘူးလေ၊
တခြားတိစ္ဆတွေကို
မဆိုလိုပါဘူး၊

"ဒါဖြင့် ဒီနေ့ပဲ မင်းတို့ဦးလေးတို့လင်မယားကို အိမ်ပြောင်းပေးခဲ့ပြီပေါ့"

ခန့်ပိုင်ဦး၏အမေးကို ကျွန်တော် ခေါင်းညိတ်ပြဖြစ်သည်။

"ဒီနေ့ ငါ့ကောင် ရုံးကပြန်တဲ့ ခြေလှမ်းတွေကတော့ သွက်နေတော့မှာပဲ"

မင်းသူရက ကျွန်တော့်ကို မေးဆတ်ပြရင်း ရာဇာတို့နှစ်ယောက်ဘက် လှည့်ကာဆိုသည်မို့ ကျွန်တော် ရှက်အမ်းအမ်းဖြင့် ရယ်ဖြစ်သည်။

ရာဇာက 'ဘာဖြစ်လို့တုန်း'ဟု မင်းသူရကိုမေးသည်။

"သူ့ခမျာ မင်္ဂလာဆောင်ပြီးတာပဲ ကြာလှပြီ၊ အခုထိ





မင်္ဂလာမွေ့ရာပေါ်မှာ တစ်ညမှ မအိပ်ရသေးဘူးလေ၊ တခြားကိစ္စတွေကို မဆိုလိုပါဘူး၊ တောင်တွေးမြောက်တွေး လျှောက်မတွေးကြပါနဲ့"

ပြောရင်း ရာဇာတို့က ရယ်ကြသည်။

"အေးကွာ. . . ငါတို့ကောင်ကြီးခမျာ မြင်သာမြင်ရ မကြင်ရ ဖြစ်နေရှာတယ်၊ ဒီနေ့တော့ ကြင်ရပါပြီကွာ"

"ဘာလဲကွ"

ခန့်ပိုင်ဦး၏ အနှောင့်အသွားမလွတ်သော စကားကြောင့် ရှက်ရှက်ဖြင့် 'ဘာလဲကွ'ဟု ကျွန်တော်အော်ဖြစ်သည်။

"ဩော်. . . ဘာရယ်မဟုတ်ပါဘူး၊ ကြမ်းပေါ်မှာ အိပ်နေရာကနေ မွေ့ရာပေါ်မှာ အိပ်ရပြီလို့ ပြောတာပါ၊ မွေ့ရာပေါ်မှာဆိုတော့ကွာ ကြမ်းပေါ်မှာထက်တော့ အိပ်လို့ပိုကောင်းတာပေါ့ မဟုတ်ဘူးလား"

ခန့်ပိုင်ဦးက ရယ်ကျဲကျဲဖြင့် ဖြေရှင်းချက်ထုတ်သည်။

"အံမယ် အံမယ် ငါတို့ကောင်ကြီးက ရှက်ကိုးရှက်ကန်းတောင် ဖြစ်နေလိုက်သေးတယ်၊ ပြောစမ်းပါဦးကွ မင်းတို့ဝယ်ထားတဲ့ မွေ့ရာက ဘယ်လောက်ထူတယ် "

ရာဇာက ကျွန်တော့်မျက်နှာကို ရယ်ချင်ပက်ကျိဖြင့် လှမ်းကြည့်ရင်း မေးသည်။

"တစ်တောင်လောက်ရှိတယ်ဟေ့၊ တစ်တောင်လောက်"

ရှက်ရှက်ဖြင့် အာခေါင်ခြစ်ကာ ကျွန်တော်အော်ဖြစ်သည်။



www.burmeseclassic.com

ကျွန်တော့်ကိုကြည့်ရင်း သကောင့်သားများကတော့ တခွီးခွီးဖြင့် ရယ်ကြသည်။

××××





၆

မောင်တို့သာ

လိုက်သွားလို့တတော့

အတော်ကြီးကို

အံ့အားသင့်နေမှာပဲနော်၊

ပြောမဲ့သာပြောရကယ်

မောင်လည်းဦးလေးတို့မရှိတော့

အတော်လေးတိုဖျင်းတယ်၊

နှစ်ယောက်သား ညနေစာစားပြီးသောအခါ ဝရန်တာမှာ ထွက်ထိုင်ကြရင်း တစ်ခုခုလိုနေသလို ခံစားနေရသည်။

“ဦးလေးတို့လင်မယားမရှိတော့ ဟာတာတာကြီးဖြစ်သွားသလိုပဲနော်”

မိန်းမဖြစ်သူက ကျွန်တော့်ပခုံးကို မှီထားရင်းက ဆိုသည်။

“အေးလေ. . . ဦးလေးတို့ရှိမှ မောင်တို့အတွက် ရယ်စရာတွေများတာ၊ ချစ်တို့ဦးလေးက ပေါ်တောတောနဲ့ဆိုတော့”

ရွှတ်နောက်နောက်ဆိုသော ကျွန်တော့်စကားကြောင့် သူမက ကျွန်တော့်ဗိုက်ခေါက်ကို ဆွဲကာလိမ်သည်။

“အားလားလား နာတယ်ကွ”

“နာရင် မပြောနဲ့ပေါ့၊ သူများဦးလေးကို ပြောစရာလား”

www.burmeseclassic.com



သူမက ခပ်ချွဲချွဲဆိုသည်။

"အေးလေ. . . ဦးလေးပေါ်လာမပေါ်လာ တူမကိုကြည့် သိနိုင်တာပဲဥစ္စာ၊ သူ့တူမကိုက ပေါတောတောကြီး"

"မောင်နော်"

သူမက ပခုံးကို ခပ်ဖွဖွလှမ်းထုရင်း ဆိုသည်။ ပြီး

"တကယ်ပြောတာ၊ ဦးလေးတို့လင်မယား မရှိတော့ ဘယ်လို ကြီးမှန်းကိုမသိဘူး၊ ဟာတာတာကြီး"

"ဒါဖြင့် မောင်တို့တစ်လှည့် သူတို့အိမ်ကို လိုက်နေကြမလား"

ရွှန်နောက်နောက်ဆိုသော ကျွန်တော့်စကားကို သူမက

"ကောင်းသားပဲ"ဟု ခပ်ရွဲ့ရွဲ့ပြန်၍ဆိုသည်။

"မောင်တို့သာ လိုက်သွားလို့ကတော့ အတော်ကြီးကို အံ့အားသင့်နေမှာပဲနော်၊ ပြောမဲ့သာပြောရတယ် မောင်လည်း ဦးလေးတို့မရှိတော့ အတော်လေးကိုပျင်းတယ်၊ မောင်တို့ မနက်ဖြန်ကျ ဦးလေးတို့ဆီ သွားလည်ကြမလား"

"ကောင်းသားပဲ၊ ညနေရုံးဆင်းရင် ခဏသွားလည်ကြမယ်လေ"

ကျွန်တော့်စကားကို သူမက ထောက်ခံသည်။

"အခုလောလောဆယ်တော့ ပျင်းနေတဲ့မောင့်မိန်းမကို အပျင်းတော်ပြေအောင် ဘာလုပ်ပေးရပါ့"

မေးစေ့ကိုပွတ်ရင်း ဆိုသောစကားကြောင့် သူမက ရှက်ဝဲဝဲဖြင့် "ကပြရင်ကောင်းတာပေါ့"ဟု ဆိုသည်။

"ကပြရအောင်ကလည်း မောင်က မကတတ်ဘူး"

"ဒါဖြင့် ချစ်ကိုပခုံးနှိပ်ပေး၊ ဒီနေ့ ရုံးမှာအလုပ်များလို့ ချစ်ရဲ့



ဇက်ကြောတွေ တောင့်နေတယ်"

သူမက ညစ်ကျယ်ကျယ်ဖြင့် ရယ်ရင်းဆိုသည်။

"ဇက်ကြောတောင့်တာ ပြေချင်လား"

"ဒါပေါ့"

ကျွန်တော့်အမေးကို သူမက ဒါပေါ့ဟု ဖြေသည်။

"ဒါဖြင့် ဒီကရုပ်ချောနဲ့ ငနဲကို အာဘွားပေးလိုက်၊ ဇက်ကြောတောင့်တာတွေ လုံးဝပြေပျောက်သွားစေရမယ်"

ရယ်ကျဲကျဲဖြင့်ဆိုသော ကျွန်တော့်စကားကြောင့် သူမက မျက်စောင်းကြီးထိုးသည်။ ပြီး ခေါင်းကိုမော့ကာ. . .

"စောစောက ဇက်ကြောတောင့်နေတာ အခုဘယ်လိုဖြစ်လဲ မသိဘူး၊ ဘာဇက်ကြောမှ မတောင့်တော့ဘူး"

"ဟ. . . အပြောင်းအလဲ မြန်လှချည်လား"

"မြန်မြန်ပဲ"

သူမက အရယ်တစ်ဝက်ဖြင့် ဆိုသည်။ ပြီး 'ဦးလေးတို့မရှိတော့ ပျင်းလိုက်တာ၊ တကယ်ပဲ'ဟု ရေရွတ်သည်။

"ဒါဖြင့် မပျင်းရအောင် ကိုယ် ပုံပြင်ပြောပြမယ်လေ"

"တကယ်လား၊ ဘာပုံပြင်ပြောပြမှာလဲ"

သူမက မျက်လုံးကိုပင့်ရင်း မေးသည်။

"သိချင်ရင် မောင် ပုံပြင်ပြောမဲ့နေရာကို သွားရအောင်"

"ဘယ်ကိုလဲ၊ ဒီမှာပြောလည်းရတဲ့ဥစ္စာ"

"ဟိုမှာက ပိုကောင်းတယ်"

ရယ်ကျဲကျဲဖြင့်ဆိုသော ကျွန်တော့်စကားကို သူမက ဘယ်မှာလဲဟု မေးသည်။ ကျွန်တော်က အိပ်ခန်းဘက် မျက်စပစ်ပြရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"တစ်တောင်လောက်ရှိတဲ့ မွေ့ရာပေါ်မှာလေ"ဟု ဆိုဖြစ်သည်။

"တော်ပြီ၊ ပုံပြင်လည်း နားမထောင်ချင်တော့ဘူး၊ ပျင်းလည်း မပျင်းတော့ဘူး၊ ဒီဝရန်တာမှာပဲ လေညင်းခံတော့မယ်"

ခေသူမဟုတ်သော သူမက ညစ်ကျယ်ကျယ်ပြုံးရင်း ဆိုသည်။ ဘာရယ်မဟုတ် ကျွန်တော်တို့လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်မောဖြစ်ကြသည်။

××××





## ၆

ဘာဖြစ်ရမှာလဲ၊

နှင်းဦးလေးပေါ့ ခန်းဆီးအရောင်ကို

အပြာနုတစ်မယ်ဆိုတဲ့ဥစ္စာ၊

သူတပန်းရောင်တပ်မလို့တဲ့၊

အဲဒါတစပြီး စတားများလိုက်တာ

နောက်ဆုံးဒေါသထွက်လွန်းလို့

"မောင်တို့ အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်"

"ဘာကိုလဲ"

ကျွန်တော့်စကားကြောင့် သူမက 'ဘာကိုလဲ'ဟု မေးသည်။

"ဒီမွေ့ရာပေါ်မှာ မင်္ဂလာဦးညကတည်းက တစ်စက်ကလေးမှ မအိပ်ရသေးဘူးမဟုတ်လား၊ အခု အမှန်အကန် အိပ်ရတော့မယ်ဆိုတော့ အိပ်မက်များမက်နေသလားလို့ အဟီး"

ရယ်ရင်းနှင့်ဆိုသော ကျွန်တော့်စကားကြောင့် သူမက ဝိုဘ်ဟု ဆိုရင်း ရှက်ဝဲဝဲဖြင့်ရယ်သည်။

"ဘာပဲပြောပြော မင်္ဂလာဦးညတုန်းက မအိပ်လိုက်ရတဲ့ ဒီမွေ့ရာမှာ ဒီညကို မောင်တို့ရဲ့ မင်္ဂလာဦးညလို့ သဘောထားလိုက်ကြတာပေါ့၊ ဘယ်လိုလဲ မောင့်အိုင်ဒီယာ မလန်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ပြောပြဘူး"

ကျွန်တော့်စကားကို သူမက ပြောပြဘူးဟု ဆိုရင်း ကျွန်တော့်ပခုံးကို ခပ်ဖွဖွထုသည်။ ကျွန်တော် ရင်ခုန်စွာနှင့်ပင် သူမကို ရင်ခွင်မှာ ပွေ့ထားဖြစ်သည်။

ပြီး သူမ၏ နှင်းဆီရောင်ပါးပြင်ဆီ ရင်ခုန်မှုများဖြင့် အနမ်း

"ဒုန်း. . . ဒုန်း. . . ဒုန်း"

"အုန်းချစ်ရေ"

"ဒုန်း. . . ဒုန်း. . ဒုန်း"

အိမ်ခန်းတံခါးထုသံကြောင့် နှစ်ယောက်သား လန့်ဖြန့်သွားကြသည်။

"ဘယ်သူ့အသံကြီးလဲ"

ကျွန်တော့်အမေးစကားအဆုံးမှာ သူမက

"ဒေါ်လေးရဲ့အသံ"

ဟု ကမန်းကတန်းဆိုရင်း မွေ့ရာပေါ်မှ လျှောခနဲဆင်းကာသွားသည်။ အိမ်ခန်းတံခါးကို ပြေးဖွင့်နေသော သူမနောက်သို့ ကျွန်တော်ပါ လိုက်ခဲ့ဖြစ်သည်။

တံခါးကိုဖွင့်လိုက်တော့ တကယ်ပဲ ဒေါ်လေးဖြစ်ကာနေသည်။

"ဒေါ်လေး"

"တံခါးဖွင့်၊ ဒေါ်လေး အိမ်ပေါ်ကဆင်းလာတာ"

"ဗျာ"

ကျွန်တော်က ဇနီးဖြစ်သူ မအံ့သြခင်မှာ 'ဗျာ'မိသွားသည်။



"ဒီနေ့မှ ဒေါ်လေးတို့ အတူစနေကြမဲ့ဥစ္စာ၊ ဒီနေ့ပဲ အိမ်ပေါ်ကဆင်းလာတယ်ဟုတ်လား၊ ဘာဖြစ်လို့လဲ"

ကျွန်တော့်ဇနီးက တံခါးကိုဖွင့်ပေးရင်းက အံ့အားတသင့်ဖြင့်မေးသည်။

"ဘာဖြစ်ရမှာလဲ၊ နင့်ဦးလေးပေါ့ ခန်းဆီးအရောင်ကို အပြာနုတပ်မယ်ဆိုတဲ့ဥစ္စာ၊ သူက ပန်းရောင်တပ်မလို့တဲ့၊ အဲဒါကစပြီး စကားများလိုက်တာ နောက်ဆုံးဒေါသထွက်လွန်းလို့ အိမ်ပေါ်ကဆင်းလာခဲ့တာ၊ အလကားလူ အိမ်ဦးနတ်၊ အိမ်ဦးနတ်နဲ့ မိန်းမကိုဦးစားပေးရကောင်းမှန်းမသိဘူး"

ငိုကာယိုကာဖြင့်ဆိုရင်း ဒေါ်လေးက အိပ်ခန်းတွင်းသို့ တန်းနေအောင် ဝင်ကာသွားသည်။

ကျွန်တော်မြင်နေသည်က ငို၍ဝင်သွားသော ဒေါ်လေးမဟုတ်။ တစ်တောင်ခန့်ရှိသော မင်္ဂလာဦးညမှစ၍ ခုထိ ငါးမိနစ်ပြည့်အောင် မအိပ်ဖူးသေးသော ဟစ်တောင်ခန့်ရှိမည့် မွေ့ရာ။

မိန်းမဖြစ်သူကတော့ ငိုမဲ့မဲ့ဖြစ်နေသော ကျွန်တော့်ကိုကြည့်ရင်း ခွီးခနဲရယ်သည်။ ကျွန်တော်ကတော့ မရယ်နိုင်ပါ။ မရယ်နိုင်ဆိုကိုယ့်အကြောင်းနှင့်ကိုယ်ကိုး။

ထိုစဉ်မှာပင် ဦးလေးတစ်ယောက် အူယားဖားယားဖြင့်ရောက်ချလာသည်မို့ ကျွန်တော် ဝမ်းအသာကြီး ဝမ်းသာသွားရသည်။

"ဟား ဦးလေး"

"အေး၊ ဘယ်မှာလဲ မင်းတို့ဒေါ်လေး"



www.burmeseclassic.com

www.burmeseclassic.com

"အိပ်ခန်းထဲမှာ ဦးလေးရဲ့ ဘာလဲ ဒေါ်လေးကို တစ်ခဏလေးတောင် မခွဲနိုင်လို့ လိုက်ခေါ်တာပေါ့လေ၊ ခေါ်သွား ခေါ်သွား ဒေါ်လေး အိပ်ခန်းထဲမှာရှိတယ်၊ သွားချော့လိုက်ဦး"

ဦးလေး ဘာစကားမှ မဆိုခင်မှာ ကျွန်တော်တစ်ယောက်တည်း ဝမ်းသာအားရဖြင့် စကားတွေ တစ်ဝကြီးပြောဖြစ်သည်။

"ဘာကိစ္စချော့ရမှာတုန်း"

"ဗျာ"

"ဒီလိုအိမ်ကဆင်းသွားတဲ့ မိန်းမကို အကျင့်လုပ်ပြီးမချော့ဘူးကွ၊ မချော့ဘူး၊ ရှင်းလား"

ဦးလေးက ကျွန်တော့်ကို မဆီမဆိုင် အော်သည်။

"ဒါဖြင့် ဦးလေးက ဒေါ်လေးကို လိုက်ခေါ်တာမဟုတ်ဘူးလား"

ကျွန်တော့်ဇနီးက သူမ၏ဦးလေးကို အံ့အားတသင့်ဖြင့် မေးသည်၊

"လိုက်ခေါ်တာမဟုတ်ဘူး၊ လိုက်ပို့တာ"

"ဗျာ"

"ရှင်"

ဦးလေး၏စကားကြောင့် ကျွန်တော်တို့ နှစ်ယောက်သားဗျာဖြစ်ကြသည်၊

"ဆင်းတုန်းက ဆင်းသွားပြီး ဟိုဟာမေ့သလေး၊ ဒီဟာမေ့သလေးနဲ့ အကြောင်းရှာပြီး ပြန်လာနေမှာစိုးလို့၊ သူ့အကျီတွေ၊ သူ့ပစ္စည်းတွေလာပို့ပေးတာ၊ ရော့ ဒီမှာ"

"ဝုန်း"



ဦးလေးက အိမ်ခန်းအပြင်မှာ ချထားခဲ့ဟန်တူသော အထုပ်ကို ယူလာကာ ဝုန်းခနဲ ပစ်ချသည်။

"ဦးလေး. . . စိတ်လိုက်မာန်ပါ မလုပ်နဲ့လေ၊ ပြန်ခေါ်သွားလိုက်ပါဦးလေးရယ်၊ ချော့ပြီးတော့"

ဦးလေးက လေပြည်ဖြင့်ဆိုသော ကျွန်တော့်စကားကို မကြားယောင်ပြုသည်။

"မလိုက်ဘူးဟေ့ မလိုက်ဘူး၊ ဝေါနဲ့ပင့်တောင် ပြန်မလိုက်ဘူး မှတ်ထား"

အိပ်ခန်းထဲမှနေ ဒေါ်လေးက အာခေါင်ခြစ်ကာအော်သည်၊

"အေး. . . ငါကလည်း မင်းခြေသလုံးဖက်ပြီး ပြန်လိုက်တောင် မခေါ်ဘူးကွ၊ မခေါ်ဘူး၊ ကြားလား၊ ငါပြန်မယ်"

"ပြန်ပြန်"

ဦးလေး၏စကားကို ဒေါ်လေးကလည်း မေတ္တာကရုဏာသံအပြည့်ဖြင့် ပြန်၍အော်သည်၊

ဦးလေးက ရုတ်တရက် ကျွန်တော်တို့လင်မယားနှားကို ကပ်ကာ လေသံတိုးတိုးဖြင့်. . .

"နှစ်ရက်သုံးရက်နေမှ လာခေါ်မယ် ကြားလား"

ဟုဆိုပြီး လစ်ခနဲထွက်ကာသွားသည်။

"ဦးလေး နေဦးလေ၊ ဦးလေး"

ကျွန်တော်ရော မိန်းမဖြစ်သူပါ လိုက်အော်သော်လည်း ဦးလေး လုံးဝနောက်ကို ပြန်မကြည့်တော့။

"လိုက်မခေါ်နဲ့၊ အဲဒီလူမျက်နှာကို ငါမကြည့်ချင်ဘူး"

အိပ်မန်းထဲမှ လှမ်း၍အော်လိုက်သော ဒေါ်လေး၏စကား



www.burmeseclassic.com

www.burmeseclassic.com



အဆုံးမှာ ကျွန်တော် ထိုနေရာ၌ပင် ခြေပစ်လက်ပစ် ထိုင်ချဖြစ်သည်။

မိန်းမဖြစ်သူကတော့ ကျွန်တော့်ဖြစ်အင်ကိုကြည့်ပြီး ခွီးခနဲ ရယ်သည်။ ကျွန်တော်ကတော့ လုံးဝ ဟန်ဆောင်ပန်ဆောင်ပင် မရယ်နိုင်ပါ။ မရယ်နိုင်ဆို ကိုယ့်အကြောင်းနှင့်ကိုယ်ကိုး။

xxxx





မင်္ဂလာဦးညဆိုသည်မှာ

xxxx



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

 ပြောဖိုက်

မင်္ဂလာဦးညဆိုသည်မှာ အဘယ်နည်းဟု မေးလာခဲ့ပြားအံ့။ ကျွန်တော့်တွင် ဖြေစရာအဖြေက, အသင့်ရှိပါသည်။

ဟုတ်ကဲ့။

မင်္ဂလာဦးညဆိုသည်မှာ အင်း. . . မင်္ဂလာဦးညဆိုသည်မှာ . . . ဟုတ်ကဲ့ မင်္ဂလာဦးညဆိုသည်မှာလား. . . ဟိုဒင်း. . . ။ ကျွန်တော် ဘယ်ကစလို့ ဘယ်လိုရှင်းပြရမည်ကို လောလောဆယ် စဉ်းစား၍ကြပ်နေသေးသည်ကတော့ အမှန်ပဲဖြစ်သည်။

တကယ်တော့ မင်္ဂလာဦးညဆိုသည်မှာ. . . ဟုတ်ကဲ့ မင်္ဂလာဦးညဆိုသည်မှာ မင်္ဂလာဦးညသာ ဖြစ်ပါကြောင်း။

အားလုံးပျော်ရွှင်၍ အဆင်ပြေကြပါစေ။

ပြည့်ပိုင်မှူးအိမ်



BURMESE CLASSIC .com

www.burmeseclassic.com